

# မန္တလေးတက္ကသိုလ် ရက်စဉ်သမိုင်း (၁၉၂၅-၁၉၇၅)

အောင်မြင့်ဦး၊လူထု

SAMPLE BOOK

mgyoe.com · SAMPLE BOOK



# မန္တလေးတက္ကသိုလ်
# ရက်စဉ်သမိုင်း
## (၁၉၂၅–၁၉၇၅)

အောင်မြင့်ဦး၊လူထု၊

ISBN 9789997137913
HIS44
9 789997 137913
MMK 15,000.00

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

SAMPLE BOOK


# မန္တလေးတက္ကသိုလ် ရက်စဉ်သမိုင်း
# (၁၉၂၅ - ၁၉၇၅)

အောင်မြင့်ဦး ၊လူထု၊

ပထမအကြိမ် ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

၃၇၈ • ၅၉၁
အောင်မြင့်ဦး-လူထု
မန္တလေးတက္ကသိုလ် ရက်စဉ်သမိုင်း/ အောင်မြင့်ဦး။ – ၁ ကြိမ်၊ – ရန်ကုန်။
စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၂၀၂၅ ။
၂၀၀ စာ၊ ၂၇ စင်တီ။
မန္တလေးတက္ကသိုလ် ရက်စဉ်သမိုင်း

မျက်နှာဖုံးပန်းချီ - ကောစာချို
ကွန်ပျူတာစာစီ - မိုးသူဇာ
ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ခင်

မြတ်နိုးရသူ

တစေယောက်သို့

mgyoe.com

mgyoe.com SAMPLE BOOK

# ကျေးဇူးတင်လွှာ

ဒီစာအုပ်အတွက် မန္တလေးတက္ကသိုလ်စာကြည့်တိုက်မှူး ဒေါ်လှလှဝင်း၊ ဌာနမှူး တက္ကသိုလ်များဗဟိုစာကြည့်တိုက် ဒေါက်တာဒေါ်လှိုင်လှိုင်ကြီး၊ ကူညီရှာဖွေပေးတဲ့ ကိုကျော်စွာသူ၊ အမှာစာရေးပေးတဲ့ ဆရာဦးနီတွတ်နဲ့ ဆရာဆူးငှက်၊ ကွန်ပျူတာစာစီပေးတဲ့ မမိုးသူဇာ၊ မျက်နှာဖုံးပန်းချီရေးဆွဲပေးတဲ့ ဆရာဇကစာချိုနဲ့ ထုတ်ဝေပေးတဲ့ စိတ်ကူးချိုချိုတို့ကို ကျေးဇူးတင်ပါကြောင်း...။



mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

အောင်မြင့်ဦး (လူထု)က ရာပြည့်မန်းတက္ကသိုလ် (၁၉၂၅–၂၀၂၅) ကို ပြန်ပြောင်း အောက်မေ့ အမှတ်တရဖြစ်စေဖို့ **'မန္တလေးတက္ကသိုလ်ရက်စဉ်သမိုင်း (၁၉၂၅–၁၉၇၅)'**ကို ပြုစုရေးသား တင်ပြထားတဲ့စာအုပ်ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ထုတ်ဝေခဲ့တဲ့ သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း၊ လက်ရေးမူတွေကို ရှာဖွေစုဆောင်း လေ့လာဖတ်ရှုပြီး မန္တလေးတက္ကသိုလ်နှင့်ပတ်သက်ဆက်နွှယ်သမျှ နေ့စဉ်အဖြစ်အပျက်တွေကို ပထမပိုင်းနှစ်ငါးဆယ်ကာလ မှတ်တမ်းတင်ပေးလိုက်တဲ့သဘောဟု မှတ်ယူနိုင်ပါသည်။ နှစ်ငါးဆယ်အတွင်း မန္တလေးတက္ကသိုလ်မှာ သက်ဝင်လှုပ်ရှားခဲ့ကြတဲ့ ဆရာနဲ့ကျောင်းသားတွေရဲ့ အမှတ်ရစရာတွေက အများကြီးရှိနေမှာပါ။ ဆရာနဲ့ကျောင်းသားတစ်ဦးချင်းစီရဲ့ နေ့စဉ်မှတ်တမ်းတွေသာ ရှိနေသေးခဲ့ရင်၊ ရေးဖြစ်ခဲ့ကြရင် သိပ်ကောင်းမှာပဲ။ ကျွန်တော် မန်းတက္ကသိုလ်ကို ၁၉၇၇ မှာ တတိယနှစ် သမိုင်းအဓိက ကျောင်းသားအဖြစ် တောင်ကြီးကောလိပ်က ပြောင်းလာတာပါ။ နေ့စဉ်မှတ်တမ်း ရေးဖြစ်ပါတယ်။ ၁၉၈၈ နောက်ပိုင်းတော့ မရေးဖြစ်တော့ပါဘူး။ နှစ်တစ်ရာမှာ နောက်ပိုင်း နှစ်ငါးဆယ် (၁၉၇၅–၂၀၂၅) ကာလ မန်းတက္ကသိုလ်ရဲ့ဘဝ သိမီသူဆိုရင်တော့ မများပါဘူး။ ဒီစာအုပ်ဖတ်မယ်ဆိုရင် မန်းတက္ကသိုလ်ကြီး ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ခေတ်တွေ သိထားရင် ကောင်းတာပေါ့။ ခေတ်တွေ ခွဲခြားပြပါရစေ။ ခရစ်နှစ်နဲ့ပဲ ပြောပါ့မယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၈၈၅–၁၈၉၇ | အင်္ဂလိပ် အထက်မြန်မာပြည်သိမ်း၊ စစ်အုပ်ချုပ်ရေး၊ အိန္ဒိယရဲ့ လက်အောက်ခံပြည်နယ်၊ |
| ၁၈၉၇–၁၉၂၁ | ဗော်လီမင်တိုပြုပြင်ရေးအရ ဒုတိယဘုရင်ခံအုပ်ချုပ်၊ |
| ၁၉၂၁–၁၉၃၇ | ဒိုင်အာခီအုပ်ချုပ်ရေး၊ |
| ၁၉၃၇–၁၉၄၂ | ၉၁ဌာနအုပ်ချုပ်ရေး၊ |
| ၁၉၄၂–၁၉၄၅ | ဂျပန်ခေတ်အုပ်ချုပ်ရေး၊ |
| ၁၉၃၉–၁၉၄၅ | ဒုတိယကမ္ဘာစစ်ကာလ၊ |
| ၁၉၄၅–၁၉၄၈ | ကက်စဘီအုပ်ချုပ်ရေး၊ |
| ၁၉၄၈–၁၉၅၈ | ဖဆပလခေတ်၊ |
| ၁၉၅၈–၁၉၆၀ | အိမ်စောင့်အစိုးရခေတ်၊ |
| ၁၉၆၀–၁၉၆၂ | ပထစခေတ်၊ |
| ၁၉၆၂–၁၉၇၄ | တော်လှန်ရေးကောင်စီခေတ် |
| ၁၉၇၄–၁၉၈၈ | မဆလခေတ် (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်) |
| ၁၉၈၈–၁၉၉၆ | နဝတခေတ် (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်) |
| ၁၉၉၆–၂၀၁၀ | အေးချမ်းဖြိုးခေတ် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ်) |
| ၂၀၁၀–၂၀၁၅ | ပြည်ခိုင်ဖြိုးအစိုးရခေတ် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ခေတ်) |
| ၂၀၁၅–၂၂၀ | NLD အစိုးရခေတ် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေတ်) |
| ၂၀၂၁–၂၀၂၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေတ် |

ဒီလိုခေတ်တွေခွဲပြလိုက်တော့ မန်းတက္ကသိုလ်မှာ ဆရာအဖြစ် ကျောင်းသားအဖြစ် လှုပ်ရှားရုန်းကန်ခဲ့ရတဲ့ပုံစံမျိုးစုံ မြင်တွေ့ရမှာပါ။ ဒါက အုပ်ချုပ်ရေးယန္တရား စဉ်ဆက်မပြတ် လည်ပတ်နေတဲ့ နိုင်ငံရဲ့ဖြစ်တည်မှုပါ။ ကိုလိုနီခေတ်နဲ့အပြိုင် ပြည်သူတွေဘက် သတ်မှတ်ထားတဲ့ ခေတ်အပိုင်းအခြားကိုလည်း ပြောချင်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၉၀၆–၁၉၂၀ | ဝိုင်အမ်ဘီအေခေတ် |
| ၁၉၂၀–၁၉၃၀ | ဂျီစီဘီအေခေတ် |
| ၁၉၃၀–၁၉၄၂ | ဒို့ဗမာအစည်းအရုံးခေတ် |
| ၁၉၄၂–၁၉၄၇ | လွတ်လပ်ရေးကြိုးပမ်းမှုခေတ် |
| ၁၉၄၈–၁၉၅၈ | လွတ်လပ်ပြီး ၁၀ နှစ်ကာလ |

ဒီလို ခေတ်သတ်မှတ်ချက်တွေဟာ 'နိုင်ငံ ရှေ့တိုး၊ နောက်ဆုတ် အနှစ်ချုပ်'လို့ပြောရင်လည်း မမှားပါဘူး။ ဒီခေတ်တွေဟာ ပြီးခဲ့သွားပြီ။ အလွမ်းအဆွေးတွေ၊ ပြောစမှတ် (ပြောစာမှတ်) ပြုစရာတွေ၊ သင်ခန်းစာယူစရာတွေ၊ ကြေကွဲဝမ်းနည်းဖွယ်ရာတွေ၊ သာယာကြည်နူးဖွယ်ဖြစ်ရပ်တွေ အများကြီးမှအများကြီး ကျန်ရစ်ခဲ့ပြီ။ သမိုင်းသင်ခန်းစာဆိုတာ အသုံးချသူအတွက်သာ အသုံးဝင်မှာပါ။ မန္တလေးတက္ကသိုလ်ကြီးကား ရာပြည့်နှစ်ပါပဲ။ လျှော်လှုပ်၊ မီးလောင် မှတ်တမ်းမဲ့ဖြစ်သွားရပြီ။ ဝမ်းနည်းကြေကွဲဖွယ်အဖြစ်ဆိုးကို သူ့ခမျာ လူးလိမ့်ခံစားသွားရရှာတယ်။

ကျန်ကောင်းကျန်ရာမှတ်တမ်းတွေ ရှာဖွေစုဆောင်းပြီး ရေးပေးလိုက်တဲ့ အောင်မြင့်ဦး (လူထု) ရဲ့ ရာပြည့်မန်းတက္ကသိုလ် (၁၉၂၅–၂၀၂၅) ရဲ့ ပထမနှစ်ငါးဆယ် (၁၉၂၅–၁၉၇၅) နေ့စဉ်မှတ်တမ်းလေးကို အသက်ထင်ရှားရှိနေသေးသူတို့က တစ်ယောက်တစ်လက် ဝင်ပြီး ဖြည့်စွက်ပေးကြပါလို့...။

**နီတွတ်**
ရတနာပုံသမိုင်းပါမောက္ခ (၂၀၀၅-၂၀၁၅)
မန်းတက္ကသိုလ်ကျောင်းသားဟောင်း (၁၉၇၇-၂၀၀၂)
ဝိဇ္ဇာဘွဲ့ (၁၉၇၈)၊ မဟာဝိဇ္ဇာဘွဲ့ (၁၉၈၂)၊
မဟာသုတေသနဘွဲ့ (၂၀၀၂)

mgyoe.com

mgyoe.com SAMPLE BOOK

# မန္တလေးတက္ကသိုလ်ရာပြည့်အတွက် အဖိုးတန် စာတစ်အုပ်

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် သီပေါဘုရင် ပါတော်မူသည်နှင့် မြန်မာ့ဦးစွန်း မြေခဲ့ရသည့်နောက် တက်ခေတ် မြန်မာလူငယ်များက နယ်ချဲ့အစိုးရ၏ အုပ်ချုပ်မှု ယန္တရားကို စုစည်းတွန်းလှန် အာခံကြသည်။ ထိုသို့အာခံမှုများတွင် ၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်က စတင်ခဲ့သော ပထမကျောင်းသားသပိတ်ကြီးကား မြန်မာပြည် နိုင်ငံရေးသမိုင်းတွင် ထင်ရှားလှသည်။

ထိုသပိတ်ကြီးကြောင့် တစ်တိုင်းပြည်လုံး အသိပညာများ တိုးတက်မြင့်မားလာခဲ့သည့် နည်းတူ ပညာရေးနှင့်ပတ်သက်သော အသိအမြင်များလည်း ကျယ်ပြန့်လာခဲ့သည်။ ကျောင်းသား၊ ပြည်သူ၊ ရဟန်းရှင်လူများ၏ ပူးပေါင်းညီညွတ်မှု လူထုတိုက်ပွဲ တန်ဖိုးများကိုလည်း သိနားလည် လာကြသည်။ တိုးတက်သော သခင်ကျင့်၊ သခင်စိတ်ဓာတ်၊ သခင်အတွေးအခေါ်အတွက် စစ်မှန်သည့် ပညာရေးစနစ် ပညာရေးကဏ္ဍ လိုအပ်ချက်များကိုလည်း သဘောပေါက်လာကြ သည်။ ထို့ကြောင့် ကောလိပ်၊ တက္ကသိုလ်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရန် လိုလားတောင်းဆို လာကြသည်။ အောက်မြန်မာပြည်က ရန်ကုန်တက္ကသိုလ်နည်းတူ အထက်မြန်မာပြည် မန္တလေး မြို့မှာလည်း တက္ကသိုလ်တစ်ကျောင်း ဖွင့်လှစ်ပေးဖို့ မန္တလေးမြို့မိမြို့ဖများနှင့် မြို့လူထုက



mgyoe.com

mgyoe.com SAMPLE BOOK

တောင်းဆိုကြသည်။ အကယ်၍ အင်္ဂလိပ်အစိုးရက မလိုက်လျောလျှင် မြို့လူထုက ကိုယ့်အလှူငွေနှင့်ကိုယ် ကိုယ့်မြို့မှာ ကိုယ်ပိုင်တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ ဖွင့်မည်ဟုလည်း သဘောထား ထုတ်ဖော်လာကြသည်။

ဤသို့ဖြင့် အင်္ဂလိပ်အစိုးရလည်း မြို့လူထုဆန္ဒကို မလွန်ဆန်နိုင်သောကြောင့် ၁၉၂၅ ခုနှစ်တွင် မန္တလေး၌ ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ဥပစာကောလိပ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဒုတိယ ကမ္ဘာစစ်ကြီးအပြီး ၁၉၄၇ ခုနှစ်တွင် ယူနီဗာစီတီ ကောလိပ်အဖြစ် ထပ်ဆင့်မြှင့်တင် ဖွင့်လှစ်ပေးခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် မြန်မာပြည် ပါလီမန်အထက် အောက်လွှတ်တော် ၂ ရပ်လုံးက မန္တလေးတက္ကသိုလ်ကို သီးခြားတက္ကသိုလ်အဖြစ် ပြဋ္ဌာန်း အတည်ပြုလိုက်တာကြောင့် ၁၉၅၈ ခု ဇွန်လမှာ 'မန္တလေးတက္ကသိုလ်'ဟု ငွားငွားစွင့်စွင့် ကြွားကြွားဝံ့ဝံ့ ဖွင့်လှစ်နိုင်ခဲ့ပါတော့သည်။

---×---

ခရစ်နှစ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့သည် မန္တလေးတက္ကသိုလ် နှစ် (၁၀၀) တင်းတင်းပြည့်သော မင်္ဂလာအခါသမယ ဖြစ်ပေသည်။ ထိုသို့ ဖွင့်လှစ်ခွင့်ရရှိရေးကို အမြော်အမြင်ကြီးသော မန္တလေးမြို့မိမြို့ဖများနှင့် မန္တလေးမြို့သူမြို့သားအားလုံးက ညီညွှတ်စွာ တောင်းဆိုခဲ့ကြရသည်။ ထို့ကြောင့် မန္တလေးတက္ကသိုလ်၏ မူလရင်းမြစ် ဥပစာကောလိပ်သည် မြန်မာပြည်သူပြည်သားများ၏ ကြိုးပမ်းမှုဖြင့် ပထမဦးဆုံး ပေါ်ပေါက်လာသည့် မြန်မာအမျိုးသားပိုင် ကောလိပ်ကျောင်းလည်း ဖြစ်ခဲ့ပါ၏။

ဤသို့ဖြင့် မန္တလေးဥပစာကောလိပ်သည် အခက်အခဲ အမျိုးမျိုးကြားမှ ရပ်တည်ကာ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဆရာကြီး ဦးရာဇတ်အပါအဝင် မြို့မိမြို့ဖ မြို့လူထု၏ ကြိုးပမ်းအားထုတ်မှုကို ကျောင်းအုပ်ကြီး ဦးကိုလေးနှင့် ကောလိပ်ဆရာ ဆရာမများ၏ ကြိုးပမ်းမှုဖြင့် ၁၉၄၈ ခုနှစ် ဇူလိုင် (၁၇) ရက်တွင် မန္တလေး ယူနီဗာစီတီကောလိပ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ခဲ့ရာ စိုက်ပျိုးရေးသုတေသနဌာနပိုင် ပင်မရုံးအဆောက်အဦကြီးကိုပင် ရရှိခဲ့သောကြောင့် တက္ကသိုလ်အဆင့် ပင်မဆောင်ကြီးအဖြစ် ဂုဏ်ယူဝံ့ကြွားနိုင်ခဲ့သည်။ ထို့နောက် ဆက်လက်ကြိုးပမ်းအားထုတ်ကြသဖြင့် ၁၉၅၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်အဖြစ် သီးခြားရပ်တည်နိုင်ခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ထို့ကြောင့် သည်နေရာ သည်ဌာန တစ်ခုတည်းမှာပင် ဥပစာကောလိပ်မှသည် မန္တလေးတက္ကသိုလ်အထိ သန္ဓေတည် မွေးဖွားကြီးပြင်း တိုးတက်ဖြစ်ထွန်းခဲ့ခြင်းကြောင့် ယခု ၂၀၂၅ ခုနှစ် ဇူလိုင် (၄) သည် မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့်ခြင်းကို မမိုတ်မသုန် ယုံကြည်ပါသည်။

---x---

တကယ်တော့ မန္တလေးမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းသော မြန်မာပြည်အလယ်ပိုင်းတွင် တည်ရှိသည့်အပြင် မင်းနေပြည်တော်လည်းဖြစ်သောကြောင့် အထူးသဖြင့် မြန်မာပြည်အထက်ပိုင်း တိုင်းရင်းသားဒေသများနှင့်ပါ ကူးလူးဆက်ဆံမှု များပြားခဲ့သည်။ ထို့ကြောင့် မန္တလေးဥပစာကောလိပ်မှ သည် မန္တလေးတက္ကသိုလ်အထိ ပညာသင်ကြားကြသည့် ကျောင်းသူကျောင်းသားများကား တိုင်းရင်းသားများ အစုံလင်ဆုံးဖြစ်သည်မှာ မန္တလေးတက္ကသိုလ်၏ ထူးခြားမှုဖြစ်သည်။ ဤထူးခြားမှုကြောင့် တိုင်းရင်းသားအသီးသီး သိနားလည်ချစ်ကြည်မှုနှင့်အတူ ယဉ်ကျေးမှုမြို့တော် မန္တလေး၏ ရေခံမြေခံကောင်းကို အခြေခံသဖြင့် မန္တလေးတက္ကသိုလ်သည် ပညာရပ်၊ ဘာသာရပ် နယ်ပယ်အသီးသီးသာမက စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ စီးပွားရေး၊ နိုင်ငံရေး နယ်ပယ်အသီးသီးအထိ ထူးချွန်ထက်မြက်သော ပညာရှင်ပုဂ္ဂိုလ်အသီးသီးကိုလည်း မွေးထုတ်နိုင်ခဲ့သည်။

ထိုနှစ် (၁၀၀) ဆိုသည့်သက်တမ်းသည် မန္တလေးတက္ကသိုလ်အတွက် အခက်အခဲအကြမ်းအတမ်းခရီးကို ဖြတ်သန်းခဲ့ရသော်လည်း တိုးတက်အောင်မြင်မှုများက သာမာန်မျှမဟုတ်ဘဲ အနှစ်သာရတွေချည်း ဖြစ်သည်။ သက်တမ်းနှစ် (၁၀၀) တွင် ရရှိခဲ့သော အနှစ်သာရသည် (၁၀၀) မျှမကသော အကြောင်းအရာများစွာ အထင်အရှားရှိခဲ့ပါ၏။ ထိုအကြောင်းအရာများကား တက္ကသိုလ်အဝန်းအဝိုင်းအတွက် ကွက်ကွက်မျှသာမဟုတ်၊ ပညာရပ်ဆိုင်ရာသက်သက်ပညာတတ်အလွှာကွက်ကွက်မျှသာ မဟုတ်မူဘဲ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့နိုင်ငံရေးမှသည် မြန်မာ့လူ့ဘောင် ထိပ်တန်းအထိရောက်နိုင်မည့် ကမ္ဘာသိသိမြင် အတွေးအခေါ် ဉာဏ်အမြော်အမြင်များမို့ အဖိုးတန် အဖိုးထိုက် တံခွန်စိုက်များချည်း ဖြစ်ခဲ့သည်။

ထိုတံခွန်စိုက်များ၏ အရင်းအမြစ်များဟူသည်ကား မန္တလေးတက္ကသိုလ်သမိုင်းရက်စွဲစဉ်များဖြစ်သည်။ ထိုရက်စွဲစဉ်များက ထိုတံခွန်စိုက်များ၏ အခြေခံသမိုင်းများဖြစ်သောကြောင့် အဖိုးတန်လှသည်။ ယခု ဆရာအောင်မြင့်ဦး (လူထု) က မန္တလေးတက္ကသိုလ်သမိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရက်စွဲစဉ်များကို နှစ် ၅၀ စာ သမိုင်းတဖြတ် ပြုစုထုတ်ဝေလိုက်ခြင်းကား မန္တလေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အခါသမယတွင် ကြီးစွာသော အထောက်အပံ့နှင့် အဖိုးတန် မှတ်တမ်းမှတ်ရာ လည်းဖြစ်ခြင်းကြောင့် အလွန်ကျေးဇူးကြီးလှပါပေသည်။

'မန္တလေးတက္ကသိုလ် ရာပြည့်အတွက် အဖိုးတန် စာတစ်အုပ်'ဟု ဆိုရသော် လွန်အံ့မထင်။

**ဆူးငှက်**

(၂၅၊၈၊၂၀၂၅)


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၉၂၅-၄၇

| | |
|---|---|
| ၄ ဇူလိုင် ၁၉၂၅ | မန္တလေးဥပစာကောလိပ်ကျောင်းကို စတင်ဖွင့်။ နေရာမှာ အဝင်ပေါက် ဘယ်ဘက်ရှိ ယခင်နယ်မြေ အင်ဂျင်နီယာရုံးဖွင့်ထားသည့် အုတ်အနီရောင် တစ်ထပ်တိုက်ဖြစ်။ ဆရာ ၆ ယောက်၊ ကျောင်းသား ၃၁ ယောက်နှင့်စတင်။ ကျောင်းအုပ်ကြီးမှာ အင်္ဂလိပ်စာကထိက မစ္စတာအယ်လ်ထင်စီ (Mr.L Htin Si, M.AG)။ ဥပစာကောလိပ် အုပ်ချုပ်ရေးအဖွဲ့၏ ပထမဆုံးဥက္ကဋ္ဌမှာ ဒေါက်တာကျော်ညွန့် (Captain Kyaw Nyunt, MD)။ |
| ဩဂုတ်၁၉၂၅ | ဥပစာကောလိပ်ပိတ်ရန် ဥပဒေပြုကောင်စီအစည်းအဝေးတွင် ရွှေတောင်ကြားပါတီမှ အဆိုတင်သွင်း။ |
| ၁၉၂၆-၁၉၂၇ | စာသင်နှစ်တွင် ပထမနှစ်ကျောင်းသူကျောင်းသား ၄၀၊ ဒုတိယနှစ် ၂၂ ဦးရှိ။ ဥပစာကျောင်းအုပ်ကြီးမှာ သမိုင်းကထိက မစ္စတာအေဗရုတ်(စ်) (Mr. A Brookes, M.A) (Liverpool)။ စာမေးပွဲတွင် ၁၂ ယောက်အောင်၍ မောင်ဘဝင်းနှင့် မောင်ကိုကြီးတို့မှာ သင်္ချာဂုဏ်ထူးဖြင့် အောင်မြင်။ |
| ၁၉၂၇-၁၉၂၈ | စာသင်နှစ်တွင် ဥပစာကောလိပ်ကျောင်းအုပ်ကြီးမှာ အင်္ဂလိပ်စာကထိက မစ္စတာ အေဒီမာရှယ် (Mr. A.D. Marshall, M.A) ဖြစ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ကျောင်းပိတ်သည်အထိ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူ။ စာမေးပွဲတွင် ၁၈ ယောက်အောင်မြင်၍ ဓာတုဗေဒဂုဏ်ထူးဖြင့် တစ်ယောက် အောင်မြင်။ |
| ၁၉၂၈ | ပထမဆုံးသော မန္တလေးဥပစာကောလိပ်မဂ္ဂဇင်း စတင်ထုတ်။ စာတည်းမှာ ကိုသက်တင်ဖြစ်။ |
| ၁၉၂၉ | မန္တလေးဥပစာကောလိပ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကျော်ညွန့် ကွယ်လွန်။ စာမေးပွဲတွင် ၂၇ ယောက်အောင်၍ သင်္ချာဂုဏ်ထူးဖြင့် တစ်ယောက် အောင်မြင်။ |


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၉ ဩဂုတ် ၁၉၃၀ | မန္တလေးဥပစာကောလိပ်ကျောင်းသားသမဂ္ဂအသင်းမှ ကြီးမှူး၍ မန္တလေးမြို့လုံးဆိုင်ရာ ကျောင်းသားထုအစည်းအဝေးကို အမျိုးသားကျောင်းကြီးပေါ်ကျင်းပရာ ကျောင်းသူကျောင်းသားပေါင်း ၂၀၀ ခန့်တက်ရောက်။ နာယကအဖြစ် ကောလိပ်ကျောင်းသား ကိုဘဟိန်း၊ အကျိုးဆောင်အဖြစ် ကိုသန်းမောင်က ဆောင်ရွက်ပြီး မန္တလေးဥပစာကောလိပ်ကို အမြန်ဆုံး ဒီကရီကောလိပ် ပြုလုပ်၍ မော်လမြိုင်၊ စစ်တွေမြို့များတွင်လည်း ဥပစာကောလိပ်များ ဖွင့်ပေးရန် အစိုးရကိုတိုက်တွန်း ရန် ဆုံးဖြတ်။ |
| ---၁၉၃၀ | စာမေးပွဲတွင် ၂၂ ယောက်အောင်၍ သချာဂုဏ်ထူး Howahkain ရွှေတံဆိပ်ဆုရ။ |
| ၁၄ ဖေဖော်ဝါရီ ၁၉၃၁ | ဥပစာတန်း နည်းပြဆရာ ဦးဖေ၊ ကထိက ဦးလှအောင်၊ ဗဟိုအမျိုးသားကျောင်း မြန်မာစာဆရာ ရွှေပြည်ဦးဘတင်တို့ သမာဓိလူကြီးအဖြစ် ဆောင်ရွက်ကာ 'မြန်မာစကားပြောပြိုင်ပွဲ'ကို လယ်ယာစိုက်ပျိုးရေးကျောင်းတိုက်ရှိ စာကြည့် ဆောင်တွင် ကျင်းပ။ |
| ၆ ဩဂုတ် ၁၉၃၁ | ဥပစာကျောင်းတိုက်ရှိ ဗုဒ္ဓဘာသာဝင် ကျောင်းသူကျောင်းသားများ၏ ဗုဒ္ဓဘာသာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ အသင်းတာဝန်ခံ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးလှပေါ်ဦး (သချာကထိက)ကို ရွေးကောက်တင်မြှောက်ကာ အသင်းဝင်လစဉ်ကြေးအဖြစ် တစ်လလျှင် ၈ ပဲကျ ထည့်သွင်းရန်ဆုံးဖြတ်။ |
| ----၁၉၃၁ | စာမေးပွဲတွင် ၂၉ ယောက်အောင်၍ အင်္ဂလိပ်စာဂုဏ်ထူးဖြင့် တစ်ယောက်အောင်မြင်။ |
| ၁၁ ဧပြီ ၁၉၃၂ | လယ်ယာစိုက်ပျိုးရေးကောလိပ်ကျောင်းတွင် ယခုနှစ်အတွက် ကျောင်းသားများ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာ။ |

mgyoe.com

mgyoe.com SAMPLE BOOK

၁၁ နိုဝင်ဘာ ၁၉၃၂ — ဥပစာကျောင်းတိုက် ကထိန်ပွဲနှင့် နှစ်ပတ်လည်ပျော်ပွဲသဘင်ကို ဥပစာကျောင်း၏ တောင်ဘက်မျက်နှာစာတွင် ကျင်းပရာ ကျောင်းအုပ်ကြီး အေဒီမာရှယ်၊ အငြိမ်းစားဝန်ထောက်မင်း ဦးမောင်မောင်ပြား၊ ပညာဝန်မင်း ဦးဇော်၊ သစ်တော ဝန်မင်း ဦးကျော်၊ အငြိမ်းစားဝန်ထောက်မင်း ဦးကျော်ရန်၊ နေရှင်နယ်ကျောင်း ဆရာကြီး မစ္စတာရာဇတ်၊ ကုန်ရုံ ရုံပိုင်ကြီး ဦးစံဝင်း၊ ပွဲစားကြီး ဦးအေး၊ လယ်ယာစိုက်ပျိုးရေးဝန်ထောက်မင်း ဦးဘိုးရှင်၊ ၎င်းကျောင်းဝန်ထောက်မင်း ဦးသက်စုတို့ တက်ရောက်ကြ။ လှူဖွယ်ပစ္စည်းများကို အရှေ့ပြင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးသို့ ဆက်ကပ်လှူဒါန်း။

၂၂ နိုဝင်ဘာ ၁၉၃၂ — မန္တလေးဗဟိုအမျိုးသားကျောင်းကြီးတွင် အမျိုးသားအောင်ပွဲနေ့ ကျင်းပရာ ဥပစာတန်းကျောင်းသားများ၏တောင်းဆိုချက်အရ ပွဲစား ကိုစိန်ညိုက ဟာဝေရင်ဂီတာနှင့် သီချင်းခန့်ကြီးတစ်ပုဒ်၊ တေးထပ်တစ်ပုဒ်ကို တီးပြ၍ ဥက္ကလာမအေးကြည်က သီဆို။

၁၉၃၁-၁၉၃၂ — ပညာသင်နှစ်တွင် ကျောင်းသား ၁၁၃ ယောက်၊ ကျောင်းသူ ၁၀ ယောက်၊ ပေါင်း ၁၂၃ ယောက်ရှိ။

မတ် ၁၉၃၃ — ဥပစာကျောင်းတိုက်မဂ္ဂဇင်း ပဌမတွဲ ပထမအုပ်ထွက်။ မြန်မာစာအတိုင်ပင်ခံစာတည်း ဦးလှအောင် ဘီအေ (ပါဠိဂုဏ်ထူး)နှင့် တည်းဖြတ်သူများမှာ မောင်ထွန်းရှိန်နှင့် မောင်ဘိုးဖြစ်။ အင်္ဂလိပ်စာတည်း မစ္စတာဖရန်လင်း(ဘီအေ)နှင့် တည်းဖြတ်သူများမှာ တင်မောင်နှင့် ခင်မောင်လတ် (ဒေါ်ခင်မျိုးချစ်ခင်ပွန်း) တို့ဖြစ်။

၃၀ ဇွန် ၁၉၃၃ — စာကြည့်ပိဋကတ်တိုက်အတွင်းတွင် ဆရာဦးလှပေါ်ဦးကို နာယကတင်မြှောက်ပြီး ဆရာများနှင့် ကျောင်းသားပေါင်း ၁၀၀ ကျော် အစည်းအဝေးကျင်းပရာ နာယကက ဥပစာကျောင်းတိုက် လေးကြိမ်မြောက် ဗုဒ္ဓဘာသာအသင်းကြီး၏ ကြီးပွားရာအချက်အလက်များကိုပြော၍ အမှုဆောင်လူကြီးများကို ရွေးကောက်တင်မြှောက်ကာ အစည်းအဝေးကို ရုပ်သိမ်း။

mgyoe.com

mgyoe.com
SAMPLE BOOK

၇ ဇူလိုင် ၁၉၃၃ — ဗုဒ္ဓဘာသာအသင်းကြီးက ကြီးမှူး၍ မြန်မာပညာရှိကြီး ဦးတင့်က ကျောင်းသူကျောင်းသားများကို ဝါဆိုပန်းကပ်ခြင်း၏အကြောင်းနှင့် အကျိုးကျေးဇူးရှိခြင်းများကို ဟောပြော။ ညနေပိုင်းတွင် မဟာမုနိဘုရားကြီးသို့သွားရောက်၍ ပန်းစေတီနှင့် ဆီမီးဖယောင်းတိုင်များလှူဒါန်းပူဇော်။

၁၉၃၃-၁၉၃၄ — ပညာသင်နှစ်တွင် ကျောင်းသား ၁၂၈ ယောက်၊ ကျောင်းသူ ၁၄ ယောက်၊ ပေါင်း ၁၄၂ ယောက်ရှိ။

၁၉၃၄-၁၉၃၅ — ပညာသင်နှစ်တွင် ကျောင်းသား ၁၂၇ ယောက်၊ ကျောင်းသူ ၁၀ ယောက်၊ ပေါင်း ၁၃၇ ယောက်ရှိ။

၂၅ ဇူလိုင် ၁၉၃၆ — (၁၉၃၆–၃၇) ဉပစာတန်း ကောလိပ်ကျောင်းသားသမဂ္ဂအသင်းအမှုဆောင်ရွေးကောက်ပွဲကျင်းပရာ ဉက္ကဋ္ဌဟောင်း ကိုခင်မောင်တင်က နာယကပြုလုပ်ပြီး အမှုဆောင်ဉက္ကဋ္ဌအဖြစ် ကိုဘဟိန်းကို အများသဘောတူ ရွေးကောက်တင်မြှောက်။

၁၂ စက်တင်ဘာ ၁၉၃၆ — အင်္ဂလိပ်စာသင်ခန်းမကြီး၌ ဉပစာကောလိပ် ဒုတိယအကြိမ် စကားရည်ပြိုင်ပွဲ ဖလားလုပွဲကျင်းပရာ နာယကအဖြစ် ဉပစာတန်း ဒုတိယနှစ် ကိုဘဟိန်း၊ အကျိုးဆောင်အဖြစ် အောက်တန်း ကိုဘအုပ်က ဆောင်ရွက်ပြီး 'မြန်မာပြည်သည် ကောင်စီအတွင်း ဝင်ရောက်ဆောင်ရွက်မှ လွတ်လပ်နိုင်မည်'ဟူသောအဆိုကို ဗန္ဓုလအဖွဲ့မှတင်သွင်း၍ အလောင်းဘုရားအဖွဲ့မှ ချေပရာ အဆိုတင်သည့် ဗန္ဓုလအဖွဲ့ အနိုင်ရ။

၂၁ စက်တင်ဘာ ၁၉၃၆ — ဉပစာကောလိပ်နှစ်ဝက်အစမ်းစာမေးပွဲကျင်းပ။

၂၉ စက်တင်ဘာ ၁၉၃၆ — အင်္ဂလန်နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးဘက်ဆိုင်ရာ ဓာတုဗေဒပညာသင်ရန် အစိုးရပညာတော်သင်အဖြစ် မောင်ကိုလေး (ဘီအက်စီဂုဏ်ထူး) ထွက်ခွာ။ မောင်ကိုလေးသည် မန္တလေးဉပစာကောလိပ်ကျောင်းမှထွက်ပြီး ရန်ကုန် တက္ကသိုလ်မှ ဓာတုဗေဒဖြင့် ဘီအက်စီဘွဲ့ရရှိကာ ရန်ကုန်တက္ကသိုလ်တွင် ဓာတုဗေဒနည်းပြအဖြစ် တစ်နှစ်ကျော်ဆောင်ရွက်ခဲ့သူဖြစ်။


mgyoe.com

mgyoe.com
SAMPLE BOOK

၂၄ နိုဝင်ဘာ ၁၉၃၆ ဥပစာကောလိပ်ကျောင်းသားသမဂ္ဂမှ ကြီးမှူး၍ အထက်တန်းကျောင်းကိုယ်စားလှယ်များအစည်းအဝေးကို အမျိုးသားအထက်တန်းကျောင်းတွင်ကျင်းပရာ ကောလိပ်ကျောင်းမှ ကိုသိန်းမောင်၊ ကိုဘဟိန်း၊ ကိုတင်ညွန့်၊ ကိုဘအုပ်၊ ကိုထွန်းဝေ၊ ကိုတင်စိုး၊ ကိုမောင်မောင်တို့ဖြစ်ပြီး ကယ်လီကျောင်း၊ ဗုဒ္ဓ ဘာသာကျောင်း၊ ဝက်စလီကျောင်း၊ အမျိုးသားကျောင်းတို့မှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးကျင်းပရာ ချယ်ယာမင် ကိုဘဟိန်းက ၁၉၃၇ ခုနှစ် ဧပြီလဆန်းတွင် မန္တလေးမြို့၌ မြန်မာပြည်လုံးဆိုင်ရာကျောင်းသားများကွန်ဖရင့်ကြီးအတွက် အစည်းအဝေးခေါ်ရခြင်းဖြစ်ကြောင်း ရှင်းပြပြီး ကျောင်းသားကိုယ်စားလှယ်အဖွဲ့များကို ဖွဲ့စည်း။

၅ မေ ၁၉၃၇ ကောလိပ်ဝင်ခွင့်ရ ၁၀ တန်းအောင်ကျောင်းသားများ ခေတ္တကျောင်းအုပ်ကြီးထံ ကျောင်းဝင်ခွင့်လျှောက်လွှာများတင်သွင်းနိုင်ကြောင်း ၁ ဇွန် ၁၉၃၇ နေ့ထက် နောက်ကျ၍ တင်သွင်းသောလျှောက်လွှာများကို လက်ခံလိမ့်မည်မဟုတ်ကြောင်းနှင့် ၁၄ ဇွန် ၁၉၃၇ တွင် ကျောင်းအိပ်ကျောင်းစားများ နေထိုင်ရန် ကျောင်းဆောင်များကို ဖွင့်ပေးလိမ့်မည်ဖြစ်ကြောင်း၊ ၁၆ ဇွန် ၁၉၃၇ တွင် ကျောင်းဖွင့်လိမ့်မည်ဖြစ်ကြောင်းကို ခေတ္တကျောင်းအုပ်ကြီး ဦးလှပေါ်ဦးက ကြေညာ။

၃ စက်တင်ဘာ ၁၉၃၈ ဥပစာကောလိပ်သမဂ္ဂအသင်းရုံကြီးတွင် ကျောင်းသူကျောင်းသားများ သွေးညှိပွဲကျင်းပရာ ဥပစာအထက်တန်းကျောင်းသားများဖြစ်သော ကိုအောင်၊ ကိုစံရနှင့် ကိုကိုကြီးတို့က ကျောင်းသားအရေးတော်ပုံကြီးပေါ်ပေါက်ခဲ့သော် အားလုံး ကြောက်ခြင်းကင်း၍ ညီညီညာညာဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး သဘောမကွဲလွဲကြဘဲ သွေးစည်းကြရန်၊ တညီတညွတ် ဆောင်ရွက်ကြရန် သတိပေးစကားပြော။

၃ စက်တင်ဘာ ၁၉၃၈ မန္တလေးအမတ် ဦးဘဦးအား ယူနီဗာစီတီကျောင်းသားများဘက်သို့လိုက်၍ မဲပေးရန် မန္တလေးဥပစာကောလိပ်ကျောင်းသားသမဂ္ဂအသင်းဥက္ကဋ္ဌက ကြေးနန်း ဖြင့် အကြောင်းကြား။

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၉၃၇-၁၉၃၈ | ပညာသင်နှစ်တွင် ကျောင်းသား ၁၀၀၊ ကျောင်းသူ ၉ ယောက်၊ ပေါင်း ၁၀၉ ယောက်ရှိ။ |
| ၁ ဇန်နဝါရီ ၁၉၃၉ | ကျောင်းသားအရေးတော်ပုံ ပေါ်ပေါက်နေချိန်တွင် ကျောင်းအုပ်ကြီး အေဒီမာရှယ်က ကျောင်းသားများ တိုင်းရေးပြည်ရေး နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ဘဲ ပညာသင်ကြားကြရန် မေတ္တာရပ်ခံချက်ထုတ်ပြန်။ |
| ၃ ဇန်နဝါရီ ၁၉၃၉ | သပိတ်မှောက်ထားသော ဥပစာကောလိပ်ကျောင်းကြီးသို့ မိန်းကလေးကျောင်းသူ ကပြားမ ၂ ဦးနှင့် ကပြားကျောင်းသူ ၁ ဦးသာ ကျောင်းတက်ရန် လာ၍ ကျောင်းကြီးမဖွင့်နိုင်။ |
| ၁၆ ဇန်နဝါရီ ၁၉၃၉ | မင်္ဂလာဈေး စံကျောင်းတိုက်မွေ့ရာရုံအတွင်း ကျင်းပသောတရားပွဲတွင် ဥပစာကောလိပ်မှ ကိုမြသွေး၊ အမျိုးသားကျောင်းမှ ကိုစံရှိန်၊ ကိုလူမြင့်တို့က ကျောင်းသားတို့၏ နစ်နာချက်များကိုဖော်ပြကာ ကျောင်းများ သပိတ်မှောက်ရခြင်းအကျိုးအကြောင်းကို ရှင်းလင်းပြောကြား။ |
| ၁၇ ဇန်နဝါရီ ၁၉၃၉ | သပိတ်မှောက်ကျောင်းသား ၁၀၀ ခန့် ဝက်စလီ မိန်းကလေးကျောင်းရှေ့တွင် တစ်နေ့လုံး သပိတ်တားကြရာ ညပိုင်းရောက်သောအခါ စစ်ပုလိပ်များက ကျောင်းသားများအား ရိုက်နှက်ဖမ်းဆီးရာ ဥပစာကျောင်းသားများဖြစ်သော မောင်သာမြနှင့် မောင်လှဖေ၊ အမျိုးသားကျောင်းသား မောင်စောလှ၊ ပေါက်မြိုင်ကျောင်းသား မောင်ကြည်တို့ အဖမ်းခံရ။ |
| ၁၈ ဇန်နဝါရီ ၁၉၃၉ | အိမ်တော်ရာ ၁၄ ခန်း ဇရပ်ကြီးအတွင်း၌ ကျောင်းသားများ မြို့လုံးကျွတ် အစည်းအဝေးကျင်းပရာ အဖမ်းခံရခြင်းမှ လွတ်မြောက်လာသူ ဥပစာကျောင်းသား မောင်သာမြက အကြောင်းစုံရှင်းလင်းပြောကြား။ |
| ၁၉ ဇန်နဝါရီ ၁၉၃၉ | ဥပစာကောလိပ်ကျောင်းကြီးသို့ ကျောင်းတက်လာကြသော ကျောင်းသား ၁၁ ဦးကို သပိတ်တားဥပစာကောလိပ်ကျောင်းသားများက ကျောင်းမတက်ရန် စာသင်ခန်းမကြီးနှင့် အပေါ်ထပ်ကျောင်းပေါ်သို့တက်သော လှေကားအပေါက်ဝ၌ သပိတ်တားကြသဖြင့် ကျောင်းပိတ်လိုက်ရ။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ၁၉၃၈-၁၉၃၉ | ပညာသင်နှစ်တွင် ကျောင်းသား ၇၈၊ ကျောင်းသူ ၅ ယောက်၊ ပေါင်း ၈၃ ယောက်ရှိ။ |
| ၃ ဇူလိုင် ၁၉၄၁ | ဥပစာကောလိပ် စဖွင့်။ ယခင်နှစ် ကျောင်းသားသစ် ၆၀ ခန့်ရှိရာ ယခုနှစ်တွင် ကျောင်းသားသစ် ၉၀ ခန့်ရှိ။ |
| ၂၅ ဇူလိုင် ၁၉၄၁ | ရာဇဝင်ကထိက အလိုရှိကြောင်း ကျောင်းအုပ်ကြီးက ကြေညာ။ |
| ၂၄ နိုဝင်ဘာ ၁၉၄၁ | မန္တလေးမြို့ ဂရင်းကာနီဗယ်ပြပွဲကြီးမှရသော အသားတင်အမြတ်ငွေ တစ်သောင်းခန့်ကို ပြပွဲကော်မတီဝင်လူကြီးတချို့က ဥပစာကောလိပ်ကျောင်းတော်ကြီးအတွက် လှူဒါန်းရန်နှိုးဆော်။ |
| ၁၉၄၀-၁၉၄၁ | ပညာသင်နှစ်တွင် ကျောင်းသား ၁၀၅၊ ကျောင်းသူ ၁၃၊ ပေါင်း ၁၁၈ ယောက်ရှိ။ |
| ၁၃ ဖေဖော်ဝါရီ ၁၉၄၂ | ရန်ကုန်ကျောင်းအုပ်ကြီးရုံးကို မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီးရုံးသို့ ခေတ္တရွှေ့ပြောင်း။ |
| ၁ ဧပြီ ၁၉၄၂ | ဒုတိယကမ္ဘာစစ်မီးကြောင့် ဥပစာကောလိပ် ပိတ်။ |
| - ဇန်နဝါရီ ၁၉၄၇ | တက္ကသိုလ်ထူထောင်ရေးအဖွဲ့ (University Organization Committee) ကို တည်ထောင်၍ မန္တလေးဥပစာကောလိပ်မှ မန္တလေးတက္ကသိုလ်ကျောင်းတိုက်အမည်ဖြင့် ဘွဲ့ပေးနိုင်သောအဆင့်ဖြင့် ပြန်ဖွင့်ရန်ကြိုးစား။ |
| - ဧပြီ ၁၉၄၇ | တက္ကသိုလ်ထူထောင်ရေးအဖွဲ့က ရန်ကုန်တက္ကသိုလ်ပြန်လည်ထူထောင်ရေး၊ မန္တလေးကောလိပ်ကျောင်းကြီးကို ယူနီဗာစီတီအဖြစ် ပြန်လည်ဖွဲ့စည်းပြီး ရန်ကုန်တက္ကသိုလ်ကြီးနှင့် တွဲဖက်ထားရန် အကြံပေးအစီရင်ခံစာကို အစိုးရထံ တင်သွင်း။ |
| - မေ ၁၉၄၇ | ဦးကိုလေးအား ကျောင်းအုပ်ကြီးခန့်။ |

mgyoe.com

mgyoe.com SAMPLE BOOK

၂၉ မေ ၁၉၄၇ — ဦးကိုလေး စတင်ရုံးဖွင့်၍ လုပ်ငန်းများဆောင်ရွက်။

၁ ဇွန် ၁၉၄၇ — မန္တလေးမြို့ ကျောက်သွေးတန်း ပြည်သူ့ဆက်ဆံရေးရုံးတွင် မြို့ပေါ်မှ လူမျိုးပေါင်းစုံ ကုန်သည်ပွဲစား အရာရှိများပါ ဖိတ်ကြားပြီး ကျောင်းအုပ်ကြီး ဦးကိုလေးက မန္တလေးတွင် တက္ကသိုလ်ကျောင်းဖြစ်မြောက်ရေးနှင့်ပတ်သက်၍ ၁၉၃၆ ခုနှစ် ကျောင်းသားများ သပိတ်မှောက်ကတည်းက တောင်းဆိုခဲ့ကြောင်း၊ ယခုဖွင့်မည့်ကျောင်းမှာ ဥပစာကောလိပ်မဟုတ်ဘဲ ယခုနှစ်တွင် အိုင်အေအထက်တန်း၊ ရှေ့နှစ်တွင် ဘီအေ ဘီအက်စီ ဒီကရီအထိ သင်ပေးနိုင်ရန် စီစဉ်ထားကြောင်း၊ အမျိုးသမီး ၃၀–၃၅ ယောက်ခန့် ကျောင်းအိပ်ကျောင်းစား နေထိုင်နိုင်ရန် စိုက်ပျိုးရေးဝန် ဦးကိုကိုကြီးနေသောအိမ်တစ်လုံး အလှူခံထားကြောင်း၊ စစ်ဘက်နှင့် ကြေးနန်းဘက်မှ အဆောက်အဦများ ပြန်ရရေးအတွက် ကြိုးစားနေကြောင်း၊ အကြောင်းမညီညွတ်လျှင် ဆရာတော် သံဃာတော်များနှင့် မြို့မိမြို့ဖများက ကူညီဝိုင်းဝန်းကြရန် မေတ္တာရပ်ခံကြောင်း ပြောကြား။

၁၅ ဇွန် ၁၉၄၇ — တက္ကသိုလ်ပင်မအဆောက်အဦကြီးဖြစ်သော စိုက်ပျိုးရေးသိပ္ပံကျောင်းကြီးကို စစ်ဘက်မှ ပြန်လည်ရရှိ။ ရတနာပုံအဆောက်ကို ကြေးနန်းဌာနမှ ပြန်လည်ရရှိ။

၂၂ ဇွန် ၁၉၄၇ — မန္တလေး စိန်မေရီကျောင်းဟောင်း၌ အဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သည့် အစည်းအဝေးတစ်ရပ် ပြုလုပ်ကျင်းပကာ မန္တလေးအရေးပိုင် မစ္စတာဘဲရင်တန်က သဘာပတိအဖြစ် ဆောင်ရွက်၍ မန္တလေးတက္ကသိုလ်ထောက်ပံ့ရေးရန်ပုံငွေ စုဆောင်းဆောင်ရွက်ရေးအတွက် တစ်ဖွဲ့လျှင် ကိုယ်စားလှယ် ၂ ဦးကျ (ဆောင်ရွက်လို) ဆောင်ရွက်နိုင်မည့်အဖွဲ့တိုင်းက ရှေ့နေကြီး ဦးဘသင်ထံ စာရင်းပေးကြရန် သဘောတူဆုံးဖြတ်။

၁၄ ဇူလိုင် ၁၉၄၇ — ကျောင်းဆောင်၌ ကျောင်းသားများလက်ခံ။

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ၁၇ ဇူလိုင် ၁၉၄၇ | ယူနီဗာစီတီကောလိပ်ကျောင်းတော်ကြီး စတင်ဖွင့်လှစ်။ ကျောင်းတော်ကြီး၏ အနောက်တောင်ထောင့်ရှိ ခန်းမကြီးတွင် ကျောင်းအုပ်ကြီး ဦးကိုလေးက ကျောင်းသူကျောင်းသားများကို အမှာစကားပြော။ သက်ဆိုင်ရာဘာသာရပ်များမှ ဆရာ ဆရာမများကလည်း ဆုံးမစကားပြော။ ကျောင်းသားဦးရေမှာ ယောက်ျားလေး ၉၂ ယောက်၊ မိန်းကလေး ၈ ယောက်၊ စုစုပေါင်း ၁၀၀ တိတိရှိ။ ဆရာများမှာ ဦးကိုလေး၊ မစ္စတာမူနီ၊ မစ္စတာနူ၊ ဦးဘတုတ်၊ ဦးစိန်ဝင်း၊ ဒေါ်အုံး၊ ဒေါ်သန်းသန်း၊ ဒေါ်မမကြီး၊ ဒေါ်သန်းရင်တို့ဖြစ်။ |
| ၃၁ ဩဂုတ် ၁၉၄၇ | မန္တလေးမြို့ ရွှေမန်းမောင် ရွှေမန်းမယ်ရွေးပွဲကို ကျုံးထောင့် ပြည်သူ့ရဲဘော် ရန်ပုံငွေပြပွဲကြီးအတွင်းရှိ ရုံကြီးတွင်ကျင်းပရာ ရွှေမန်းမယ်ဆုကို မန္တလေး ယူနီဗာစီတီကျောင်းသူ ဝတ်လုံဦးခင်မောင်လတ်၏သမီး ပထမနှစ် ဥပစာတန်းကျောင်းသူ ရင်ရင်မြ အရွေးခံရ။ |
| ၃ စက်တင်ဘာ ၁၉၄၇ | ချက်ကိုစလိုဘက်ကီးယားပြည်မှ ကျောင်းသား ၃ ဦး မန္တလေးတက္ကသိုလ်သို့ လာရောက်တည်းခို။ |

---×---


mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၉၄၈

၁၇ ဇန်နဝါရီ ၁၉၄၈

မန္တလေးခရိုင်ကျောင်းသားများညီလာခံကို မန္တလေးခရိုင်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂမှကြီးမှူး၍ အစိုးရမူလတန်းလွန်ကျောင်းကြီးတွင် ကျင်းပခဲ့ရာ မေမြို့၊ မတ္တရာ၊ မန္တလေး၊ ကျောက်ဆည်၊ အမရပူရ စသော မြို့များမှ ကိုယ်စားလှယ် များတက်ရောက်ခဲ့ကြပြီး ၁၉၄၈–၄၉ ခုနှစ်အတွက် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ သစ်ကို မန္တလေးတက္ကသိုလ်ကျောင်း ဥပစာ ဒုတိယနှစ်ကျောင်းသား ရတနာ ကျောင်းဆောင်တွင် နေထိုင်သူ ကိုလှမောင် အား အများသဘောတူ ရွေးကောက် တင်မြှောက်။

၂၂ ဇန်နဝါရီ ၁၉၄၈

ပညာမင်းကြီးဦးချိုနှင့်အတူ ယူနက်စကိုမှ မစ္စတာဗယ်လီယံခေါင်းဆောင် သော ကိုယ်စားလှယ်များ တက္ကသိုလ်ကျောင်းသို့ လာရောက်ကြည့်ရှု။

၁၀ ဖေဖော်ဝါရီ ၁၉၄၈

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားများသည် မိမိတို့ရောက်ရာ အရပ်တွင် ပညာတတ်ဦးရေ တိုးပွားရေး၊ တာဝန်ကို သိနားလည်သော တိုင်းသူပြည်သားကောင်းဖြစ်မြောက်ရေး စသည့်လုပ်ငန်းများ နွေရာသီ အတွင်း ကြိုးစားလုပ်ကိုင်ရန်အတွက် နယ်အသီးသီးမှ ကျောင်းသူ ကျောင်းသားများကို တာဝန်ခံများအဖြစ် လုပ်ကိုင်ကြရန် ညွှန်ကြား။

၁၄ ဖေဖော်ဝါရီ ၁၉၄၈

ကျောင်းရက်ရှည်မပိတ်မီအတွင်း ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများတွေ့ဆုံသည့် အစည်းအဝေးကျင်းပရာ ကျောင်းအုပ်ကြီး ဦးကိုလေး၊ ပါမောက္ခ ဦးလှအုန်းတို့က ဩဝါဒအမှာစကားပြောကြား၍ မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ (မတကသ)ဥက္ကဋ္ဌ ကိုလှမောင် က သမဂ္ဂလုပ်ငန်းစဉ်နှင့် ကျောင်းသားများ၏စိတ်ထားကို ပြောကြားခဲ့ပြီး နိုင်ငံတော်သီချင်းနှင့် အစည်းအဝေးကိုရုပ်သိမ်း။

၁၈ ဧပြီ ၁၉၄၈

ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သော ဥပစာတန်း ပထမနှစ်စာမေးပွဲ အောင်စာရင်းထွက်။


mgyoe.com

mgyoe.com
SAMPLE BOOK

၁၃ မေ ၁၉၄၈ တက္ကသိုလ်ကို ဇွန်လ ၂၁ ရက်နေ့မှစ၍ ဖွင့်မည်ဖြစ်ပြီး ဘီအေနှင့် ဘီအက်စ်စီ ပညာများ သင်ကြားမည်၊ အခြားသိလိုသည်များကို ကျောင်းအုပ်ကြီး ဦးကိုလေးထံ မေးမြန်းနိုင်ကြောင်း ဆိုင်ရာကထုတ်ပြန်။

၁၈ မေ ၁၉၄၈ အထက်ဗမာပြည်သတင်းစာများအသင်းတိုက် ခေတ္တတည်ရာဌာန လူထုသတင်းစာတိုက်တွင် တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကိုလေးက သတင်းစာဆရာများအား တက္ကသိုလ်ကို စိုက်ပျိုးရေးဌာနပိုင်မှ လွှဲပြောင်းရရှိပြီးဖြစ်ကြောင်း၊ ကျောင်းသား ၁၀၀၊ ကျောင်းသူ ၂၅ ယောက်အထိ လက်ခံသင်ကြားပေးမည် ဖြစ်ကြောင်း စသည့်အစီအစဉ်များကိုပြောကြား။

၂၁ မေ ၁၉၄၈ တက္ကသိုလ်ကျောင်းအုပ်ကြီးရုံးတွင် တာဝန်ထမ်းဆောင်ရန် ငွေထိန်းစာရေးတစ်ယောက်၊ ရုံးအုပ်စာရေးကြီး၏လက်ထောက်တစ်ယောက် အလိုရှိကြောင်း ကြော်ငြာ။

၁၀ ဇွန် ၁၉၄၈ ဤနှစ်တွင် ဘိုင်အိုလိုဂျီပညာရပ် ဥပစာတန်းတွင် အီကော်နော်မီပညာရပ်နှင့် ဘီအေတန်းတွင် အီကော်နော်မီအစား ဖီလိုဆိုဖီသင်ရန်စီစဉ်။

၁၇ ဇွန် ၁၉၄၈ တက္ကသိုလ်တက်ရောက်ရန် ရောက်ရှိနေသော ကျောင်းသူများထဲတွင် ရွှေမန်းမယ်နှင့် ဒုတိယမယ်ဗမာ ရင်ရင်မြ၊ မယ်ဗမာ ဒေါ်လီချိုနှင့် ရွှေဘိုမှ လွတ်လပ်ရေးမယ် ဒွန်လှဖေတို့ပါဝင်။

၁၈ ဇွန် ၁၉၄၈ မတကာသခေါင်းဆောင် ကိုလှမောင်မှ 'အထက်ဗမာပြည်ကျောင်းသားကျောင်းသူအပေါင်းတို့' ခေါင်းစဉ်ဖြင့် နှိုးဆော်စာထုတ်ပြန်၊ စာတွင် စံပြတက္ကသိုလ် ကျောင်းသားကျောင်းသူများအဖြစ် ပြုမူကျင့်ကြံ နေထိုင်အပ်ကြောင်း ဖော်ပြထား။

၁၉ ဇွန် ၁၉၄၈ အထက်ဗမာပြည် တက္ကသိုလ်ပြန့်ပွားရေးအသင်း (မန္တလေးမြို့)က တက္ကသိုလ်ကျောင်းသားများနှင့် မိဘများထံသို့ တက္ကသိုလ်တွင် ပညာသင်ကြားရေးနှင့် ပတ်သက်၍ လိုအပ်သည့်အကူအညီပေးမည်ဖြစ်ကြောင်း ကြော်ငြာ။


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၂၁ ဇွန် ၁၉၄၈ | မန္တလေးဒီကရီကောလိပ်ခေါ်သည့် ဝိဇ္ဇာသိပ္ပံဘွဲ့ပေးနိုင်သည့်တက္ကသိုလ်ကြီးကို စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအုပ်ကြီး ဦးကိုလေးက ဩဝါဒမိန့်ခွန်း ပြောကြား။ |
| ၂၂ ဇွန် ၁၉၄၈ | အီဂျစ်ပြည်မှ သတင်းစာဆရာမဖြစ်သူ နီနင်မင်ဇတ်သည် တက္ကသိုလ်သို့ အလည်လာရာ ကျောင်းအုပ်ကြီးဦးကိုလေး၊ ဆရာမူနီ၊ ဆရာကြီး ဘသောင်း၊ ဒေါ်အုန်းတို့နှင့် ခေတ္တတွေ့ဆုံခဲ့ပြီး ကျောင်းသူကလေးများနှင့်လည်းတွေ့။ |
| ၂၅ ဇွန် ၁၉၄၈ | နံနက်ပိုင်း ၃ နာရီ ၅ မိနစ်အချိန်က ကျောင်းသူ၊ ကျောင်းသားများ အဆောင် အနီးရှိ အဝေးပြောတယ်လီဖုန်းနှင့် ကြေးနန်းရုံခွဲစက်ခန်းကြီးကို မသမာသူ တချို့က လက်ပစ်ဗုံးနှင့်ပစ်ပြေး။ |
| ၆ ဩဂုတ် ၁၉၄၈ | ရာဇဝင်ဘာသာရပ်ဆိုင်ရာ ကျောင်းသူ၊ ကျောင်းသားများအစည်းအဝေး ကျင်းပပြီး 'မန္တလေးတက္ကသိုလ်ရာဇဝင်အသင်း'ကိုဖွဲ့စည်း။ |
| ၉ ဩဂုတ် ၁၉၄၈ | မန္တလေးတက္ကသိုလ် ရာဇဝင်အသင်းတွင် ဂုဏ်ထူးဆောင်လူကြီးများအဖြစ် ၁။ ဦးကိုလေး(ကျောင်းအုပ်ကြီး)၊ ၂။ ဦးလူဖေဝင်း(ကျောက်စာဝန်)၊ ၃။ ဦးလှ (လူထုသတင်းစာ)၊ ၄။ ဒေါက်တာဆိုနီ၊ ၅။ ရွှေပြည်ဦးဘတင်၊ ၆။ ဒေါ်မြမြ (တိုင်းချစ်ကျောင်းအုပ်)၊ ၇။ ဦးစိန်ညွန့် (စီးတီးစတိုး) တို့ကို ရွေးကောက်။ |
| ၁၄ ဩဂုတ် ၁၉၄၈ | မတကသ အမှုဆောင်သစ်ရွေးကောက်ပွဲကျင်းပရာ ဥက္ကဋ္ဌ ကိုလှမျိုးသန်း (ပထမနှစ်စိုက်ပျိုးရေး)၊ ဒုဥက္ကဋ္ဌ ကိုကျော်ကျော် (ပထမနှစ်ဝိဇ္ဇာ)တို့ဖြစ်။ |
| ၁၈ ဩဂုတ် ၁၉၄၈ | ရတနာပုံကျောင်းဆောင်အပေါ်ထပ်နေ ကိုအေးဖေ (သမဂ္ဂတွဲဖက်အတွင်းရေးမှူး) အခန်း မီးလောင်။ |
| ၂၀ ဩဂုတ် ၁၉၄၈ | ဒုတိယနှစ် ပညာသင်ကြားနေသော ကျောင်းသား ကိုကျော်ကျော် ဆောက်သည်ပတန်မြို့ ရေကြောင်းသွားလာရေးတက္ကသိုလ်တွင် ပညာသင်ရန် ထွက်ခွာ။ |


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၂၁ ဩဂုတ် ၁၉၄၈ | မြန်မာမှုသုခုမ ယဉ်ကျေးမှုပညာရပ်များ ပြန့်ပွားထွန်းကားလာစေရန် ရည်ရွယ်၍ 'တက္ကသိုလ်မြန်မာအသင်း' ဟူသောအမည်ဖြင့်ဖွဲ့စည်းခဲ့ရာ ဖွင့်ပွဲတွင် ရွှေပြည်ဦးဘတင်က မြန်မာမှုအကြောင်း ဟောပြော။ |
| ၂၄ ဩဂုတ် ၁၉၄၈ | ကျောင်းအုပ်ကြီးဦးကိုလေးက လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ရပ်ဝေးကျောင်းသား ၇၀ ခန့်နှင့်တွေ့ဆုံကာ ပညာသင်ကြားရေးကို မရပ်စဲရန်နှင့် ငွေကြေးအခက်အခဲရှိလျှင် ကူညီမည်ဟုပြော။ |
| ၂ စက်တင်ဘာ ၁၉၄၈ | မတကသ ကာယဗလဌာနမှူးကြီးမှူး၍ တက္ကသိုလ်မောင်မယ်ရွေးပွဲကို ဒီဇင်ဘာလအတွင်း ကျင်းပရန် ဆုံးဖြတ်။ |
| ၁၇ စက်တင်ဘာ ၁၉၄၈ | ယူဘီအေအေဘောလုံးကွင်းတွင် မန္တလေးတက္ကသိုလ်အသင်းနှင့် လူငယ်အစည်းအရုံး(ခ)အသင်းတို့ ဒုတိယတန်းဖိုင်နယ်ပွဲကစားရာ တက္ကသိုလ်အသင်းမှ (၃)ဂိုး (၂)ဂိုးဖြင့် အနိုင်ရ။ |
| ၁၈ စက်တင်ဘာ ၁၉၄၈ | မတကသ ရန်ပုံငွေအတွက် အပျော်တမ်းလက်ဝှေ့ပွဲကျင်းပရာ မန္တလေးဗဟို အမျိုးသားအထက်တန်းကျောင်း၊ သံတဲကျောင်း၊ ရဲဗိုလ်သိပ္ပံကျောင်း၊ ကောလိပ် ကျောင်းသားများနှင့် ရွှေကျားလက်ဝှေ့အဖွဲ့များမှ ပါဝင်ကစား။ |
| ၁၈ စက်တင်ဘာ ၁၉၄၈ | တက္ကသိုလ်မြန်မာအသင်းကြီးမှ ကြီးမှူး၍ ရှေးမြန်မာဘုရင်များ နားဆင်ခဲ့သော ရတု၊ ရကန်၊ အဲ၊ အံ၊ သာချင်း၊ လေးချိုး၊ လူးတား၊ ဧချင်း၊ အိုင်ချင်းများကို ပရိယတ္တိအသင်းကြီးမှ ဆရာကြီးဦးခိုင် သီဆို၍ အထက်ဗမာနိုင်ငံလုံးဆိုင်ရာ သဘင်သမဂ္ဂအဖွဲ့ချုပ်၏ ဗမာဂီတကျောင်းသားများက အတီးနှင့်ဖျော်ဖြေ။ |
| ၂၅ စက်တင်ဘာ ၁၉၄၈ | နေသူရိန်ရုံကြီးတွင် အိုလံပစ်အသင်းကြီးမှပြုလုပ်သည့် ရွှေမန်းမယ်ရွေးချယ်ပွဲတွင် မန္တလေးတက္ကသိုလ်ကျောင်းသူလေး ကြည်ကြည်လှ ရွှေမန်းမယ်ဘွဲ့ ရရှိ။ |


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၀ အောက်တိုဘာ ၁၉၄၈ | မန္တလေးမြို့ယဉ်ကျေးမှုနှင့်စာပေပြန့်ပွားရေးအသင်းကြီးဖွဲ့စည်းရာတွင် ကျောင်းအုပ်ကြီး ဦးကိုလေးကို ဦးစီးကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်။ |
| ၃၀ အောက်တိုဘာ ၁၉၄၈ | မလွန်ဘောလုံးကွင်းတွင် ဝင်းလိုက်ဒိုင်း ဖိုင်နယ်ပွဲစဉ်အဖြစ် တက္ကသိုလ်အသင်းနှင့် ဆန်ဝင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ၃ ဂိုးစီ သရေကျ။ |
| ၃၁ အောက်တိုဘာ ၁၉၄၈ | မန္တလေးတက္ကသိုလ်နှစ်ပတ်လည်အထိမ်းအမှတ်ပွဲနှင့် ဆုပေးပွဲကျင်းပရာ ပရိသတ် ၈၀၀ ကျော်ကို ပဒေသာပွဲ၊ ပြဇာတ်တိုလေးများ စသဖြင့် အစီအစဉ် ပေါင်း ၁၁ ခုဖြင့် ဖျော်ဖြေ။ |
| ၃ နိုဝင်ဘာ ၁၉၄၈ | မလွန်ဘောလုံးကွင်းတွင် ဝင်းလိုက်ဒိုင်း ဒုတိယဖိုင်နယ်ပွဲကို ဆန်ဝင်းအသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေဖြင့်ပြီး။ |
| ၄ နိုဝင်ဘာ ၁၉၄၈ | မြန်မာစာလက်ထောက်ကထိက ခန့်ထားရေးနှင့်ပတ်သက်၍ ကျောင်းသားထု စည်းဝေးပွဲကျင်းပကာ နည်းပြ ဒေါ်သန်းမေ (မဟာဝိဇ္ဇာ)အား ဦးစွာခန့်ထားရန် တောင်းဆိုပြီး ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့နှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂသို့တင်ပြရန် ဆုံးဖြတ်။ |
| ၆ နိုဝင်ဘာ ၁၉၄၈ | မတကသမှ ကြီးမှူး၍ (The Vital Difference Between Buddhism and Other Religions) ဗုဒ္ဓဘာသာနှင့် အခြားကမ္ဘာ့ဘာသာများ ကွာခြားပုံအကြောင်း ဟောပြောပွဲကို ဘုံဘေဆရာတော် ဦးအရိယဓမ္မသီရ B.A.H.B.S က ဟောပြောရာ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသား အများအပြား တက်ရောက်။ |
| ၉ နိုဝင်ဘာ ၁၉၄၈ | ယူဘီအေအေ ဘောလုံးကွင်းတွင် မန္တလေးကောလိပ်နှင့် မြစ်သားအသင်းတို့ ကစားကြရာ ကောလိပ်က ၃ဂိုး ၂ဂိုးဖြင့် အနိုင်ရ။ |
| ၁၀ နိုဝင်ဘာ ၁၉၄၈ | မလွန်ဘောလုံးကွင်းတွင် ၂ ကြိမ်တိတိ သရေကျခဲ့သော ဝင်းလိုက်ဒိုင်းလုပွဲ ကစားရာ တက္ကသိုလ်အသင်းက ဆန်ဝင်းအသင်းကို ၂ဂိုး ဂိုးမရှိဖြင့် အနိုင်ရ။ |


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၆ နိုဝင်ဘာ ၁၉၄၈ | ယူဘီအေအေဘောလုံးကွင်း၌ မေမြို့ ဒီအေဘီအေအသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ကစားရာ ၂ဂိုးစီ သရေဖြစ်။ |
| ၂၅ နိုဝင်ဘာ ၁၉၄၈ | ၂၈ ကြိမ်မြောက် အမျိုးသားနေ့ကို ဗဟိုအမျိုးသားကျောင်းဝင်းအတွင်း ကျင်းပရာ မတကသ တက်ရောက်။ |
| ၃၀ နိုဝင်ဘာ ၁၉၄၈ | တက္ကသိုလ်ရိပ်သာ ယူဘီအေအေကွင်းတွင် တက္ကသိုလ်ဆရာများအသင်းနှင့် စိုက်ပျိုးရေးအရာရှိများအသင်းတို့ ယှဉ်ပြိုင်၍ ဗလာဒိုင်းကစားရာ တက္ကသိုလ်ဆရာအသင်းက ၂ဂိုး ဂိုးမရှိဖြင့် နိုင်။ (ကျောင်းအုပ်ကြီး ဦးကိုလေး၊ ဦးတိုးအောင်၊ ဦးဘသောင်းတို့ပါဝင်) |
| ၄ ဒီဇင်ဘာ ၁၉၄၈ | တက္ကသိုလ်ရာဇဝင်အသင်းက ကြီးမှူးသော စကားရည်လုပွဲတွင် 'လက်ဝဲဝါဒလွှမ်းမိုးလျှင် ကမ္ဘာကြီး အမှန်အကျိုးများမည်'ဟူသောအဆိုကို လူထုဦးလှ၊ ဒေါ်အမာနှင့် သူရိယဦးသန်းမောင်တို့ကပြော၍ ဘီအိုင်အေ ဦးမောင်ကြီး၊ ရွှေနေကြီး ဦးခင်မောင်ဒွေးနှင့် စီအီးအိုဟောင်း ဦးဘကြည်တို့က ကန့်ကွက်ကြရာ တက်ရောက်သည့်ပရိသတ်မဲအဆုံးအဖြတ်ဖြင့် အဆိုဘက်မှ အနိုင်ရ။ |
| ၁၂ ဒီဇင်ဘာ ၁၉၄၈ | ရန်ကုန်မြို့တော်ခန်းမကြီး၌ တက္ကသိုလ်ကိုယ်လက်ကြံ့ခိုင်ရေးအမျိုးသမီးများအသင်းနှင့် တက္ကသိုလ်အလေးမအမျိုးသားအသင်းတို့ ကြီးမှူးကျင်းပသော ၁၉၄၈ တက္ကသိုလ်မောင်မယ်ရွေးပွဲတွင် ရွှေမန်းမယ် ကြည်ကြည်လှက မယ်တက္ကသိုလ် ဒုတိယဆုဆွတ်ခူး။ |
| ၁၅ ဒီဇင်ဘာ ၁၉၄၈ | တက္ကသိုလ်လက်ရိုက်တင်းနစ်အသင်းမှ ကြီးမှူး၍ လွတ်လပ်ရေးအောင်ပွဲနေ့ မန္တလေးမြို့လုံးဆိုင်ရာ တင်းနစ်ပြိုင်ပွဲကျင်းပရန် စီစဉ်နေရာ အလားတူပြိုင်ပွဲကိုလည်း လွတ်လပ်ရေးအောင်ပွဲနေ့အခမ်းအနားစီစဉ်သူ အမှုဆောင်လူကြီးများမှ ကျင်းပမည်ဆို၍ အစီအစဉ်ကိုဖျက်သိမ်း။ |
| ၂၀ ဒီဇင်ဘာ ၁၉၄၈ | နေသူရိန်ရုံကြီးတွင် တတိယအကြိမ်မြောက် ကျောင်းသားနေ့ကျင်းပရာ ကျောင်းပေါင်းစုံမှ တက်ရောက်ကြပြီး သဘာပတိအဖြစ် မန္တလေးခရိုင်လုံး |


mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုင်ရာကျောင်းသာသမဂ္ဂဥက္ကဋ္ဌ ကိုလှမောင်က မိန့်ခွန်းပြောပြီး အဆို ၄ ရပ် တင်သွင်းရာတွင် မတကသမှ လက်ရှိပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် အဆိုကို တင်သွင်း။

၂၉ ဒီဇင်ဘာ ၁၉၄၈ နေသူရိန်ရုံကြီးတွင် နယ်ချဲ့တိုက်ဖျက်ရေး လူထုအင်အားပြပွဲကြီးကို အဖွဲ့အစည်း ၃၁ ဖွဲ့ တက်ရောက်ရာတွင် မတကသ ပါဝင်ခဲ့ပြီး ဘဝသစ်ကလောင်ရှင်များအသင်းနှင့် အနုပညာရှင်များအဖွဲ့က တင်သွင်းသော 'လက်ဝဲညွန့်ပေါင်းဖွဲ့စည်းရေး'အဆိုကို ထောက်ခံခဲ့။

ဤနှစ်တွင် ကျောင်းသူကျောင်းသားပေါင်း ၂၀၃ ယောက်ရှိ

---×---


mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၉၄၉

၂၂ ဇန်နဝါရီ ၁၉၄၉ — တက္ကသိုလ်ရာဇဝင်အသင်းနှစ်ပတ်လည် လက်ဖက်ရည်ပွဲနှင့် ဆုပေးပွဲကျင်းပရာ ဆရာ ဆရာမများ၊ အသင်းသူ အသင်းသားများ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီး ဦးကိုလေးက ဒုတိယပတ်အစမ်းစာမေးပွဲတွင် ရာဇဝင်ဘာသာ၌ ထူးချွန်သော ကျောင်းသား ကျောင်းသူများအား အသင်း၏ကိုယ်စား ဆုချီးမြှင့်။

၂၅ ဇန်နဝါရီ ၁၉၄၉ — တက္ကသိုလ်စာမေးပွဲ ပထမပတ် အမ်အေနှင့် ဘီအယ်လ်စာမေးပွဲကို လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည်ဟုဆိုင်ရာက ကြေညာ။

၂၇ ဇန်နဝါရီ ၁၉၄၉ — မတကာသ အလုပ်အမှုဆောင်အချို့သည် ကျောင်းသူကျောင်းသားများ၏ သဘောထားမပါဘဲ အာဏာကို အလွဲသုံးစားပြုကာ ဝန်ကြီးများရောက်လာချိန်တွင် ဖောက်ပြန်ဖော်လံဖား ကြေညာစာတမ်းတစ်ခု ရိုက်နှိပ်၍ မြို့တွင်းနှင့် ကျောင်းဝင်းအတွင်း ဝေငှခြင်းပြုလုပ်သဖြင့် ကျောင်းသူကျောင်းသားများ အရေးပေါ်အစည်းအဝေးခေါ်ပြီး အမှုဆောင်အားလုံး၏သဘောထားမဟုတ်သဖြင့် ဖော်လံဖားအမှုဆောင်များကို နုတ်ထွက်ပေးရန် ဆုံးဖြတ်။

၂၈ ဇန်နဝါရီ ၁၉၄၉ — ကျောင်းသူကျောင်းသားများ၏ တောင်းဆိုချက်အရ တက္ကသိုလ်ကျောင်းလုံးဆိုင်ရာ အစည်းအဝေးကျင်းပရာတွင် ဥက္ကဋ္ဌနှင့် သမဂ္ဂအမှုဆောင်များက အချိန်ဆွဲပြီး ၎င်းတို့ရေးဆွဲသောအစီအစဉ်များကိုဖတ်ပြကာ မလိမ့်တပတ်နှင့် မဲခွဲခိုင်းရာ မကျေနပ်သည့်ကျောင်းသားအချို့ ထွက်သွား၍ အစည်းအဝေး မပြီးဘဲဖြစ်။

၂၉ ဇန်နဝါရီ ၁၉၄၉ — မတကာသ အမှုဆောင်အချို့၏ တက္ကသိုလ်သမဂ္ဂအမည်ကို အလွဲသုံးစားပြုထားသော ကြေညာချက်ကို လက်မခံသောကျောင်းသားများ၏ကိုယ်စား ယာယီစင်ပြိုင် မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂက တာဝန်ခံ၍


mgyoe.com

mgyoe.com
SAMPLE BOOK

တိုင်းပြည်လူထုသို့ ဖြေရှင်းကြေညာချက်ထုတ်ပြန်။ (ရန်ကုန်တက္ကသိုလ်မှာ ရက်အကန့်အသတ်မရှိပိတ်)

**၃၁ ဇန်နဝါရီ ၁၉၄၉**

တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပပြီး သက်ဆိုင်ရာအရာရှိများနှင့်တွေ့ဆုံကာ တက္ကသိုလ်တွင် အပျော်တမ်းစစ်တပ်ဖွဲ့စည်းရန်ဆုံးဖြတ်။

**၃၁ ဇန်နဝါရီ ၁၉၄၉**

ယာယီစင်ပြိုင်သမဂ္ဂဝင် ကျောင်းသူကျောင်းသားများအစည်းအဝေးကျင်းပရာ သဘာပတိအဖြစ် ပထမဝိဇ္ဇာတန်းမှ ကိုမြစိန်၊ အတွင်းရေးမှူးအဖြစ် ဒုတိယနှစ် ဥပစာတန်းမှ ကိုမောင်လေးတို့က ဆောင်ရွက်ပြီး ကိုမောင်မောင် အပါအဝင် အခြားအမှုဆောင်များကို အများသဘောတူ ရွေးကောက်တင်မြှောက်ကာ အောက်ပါဆုံးဖြတ်ချက်များကိုချမှတ်။

၁။ မန္တလေးခရိုင်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂနှင့်ဆက်သွယ်၍ ကျောင်းသားအရေးကိုဆောင်ရွက်ရန်။

၂။ ကျောင်းသား၏မိဘများကို တိုက်ရိုက်ထိခိုက်နေသော လခစားများအား ရှားပါးစရိတ်ဖြတ်တောက်ခြင်းကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း။

၃။ ရှားပါးစရိတ်ဖြတ်တောက်မှုကြောင့် မိဘများထံမှ ငွေလုံလောက်စွာမပို့နိုင်၍ ကျောင်းထွက်ရမည့်ကျောင်းသားများအား သက်ဆိုင်ရာအာဏာပိုင်များက တာဝန်ယူ၍ ဆက်လက်ထောက်ပံ့ရန်။

**၂ ဖေဖော်ဝါရီ ၁၉၄၉**

မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂမှကြီးမှူး၍ ကျောင်းပေါင်းစုံ ကျောင်းကိုယ်စားလှယ်များအစည်းအဝေးကျင်းပကာ မတကသကို သစ္စာဖောက်သမဂ္ဂဟု သတ်မှတ်ပြီး စင်ပြိုင်သမဂ္ဂကို အလေးအနက်ထောက်ခံကြောင်း အများသဘောတူဆုံးဖြတ်။

**၅ ဖေဖော်ဝါရီ ၁၉၄၉**

မန္တလေးမြို့ကာကွယ်ရန် တက္ကသိုလ်စစ်တပ်ဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး စစ်ရဲတပ်မှ မေဂျာဦးအေးမောင်နှင့် ကျောင်းအုပ်ကြီး ဦးကိုလေး၊ ကျောင်းသားများ တွေ့ဆုံဆွေးနွေးကာ စစ်တပ်စနစ်တကျဖွဲ့ရန် ဆုံးဖြတ်။

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၁ ဖေဖော်ဝါရီ ၁၉၄၉ | တက္ကသိုလ်ဝင်သင်တန်းနှင့် ၉ တန်းကျောင်းသားများအတွက် စင်ပြိုင်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ တာဝန်ယူ၍ ရွှေကြီးမြင်သပိတ်စခန်းတွင် ပညာသင်ကြားပေးမည်ဖြစ်ကြောင်း ကြေညာ။ |
| ၁၆ ဖေဖော်ဝါရီ ၁၉၄၉ | မန္တလေးမြို့ကာကွယ်ရေးစစ်သင်တန်းကို ၂၁ ဖေဖော်ဝါရီတွင် စတင်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ စာရင်းပေးရန်နေရာများတွင် မန္တလေးတက္ကသိုလ်လည်းပါဝင်။ |
| ၁၁ မတ် ၁၉၄၉ | မန္တလေးကို ကရင်သူပုန်ဝင်။ |
| ၆ ဧပြီ ၁၉၄၉ | ကရင်သူပုန် ပြန်ထွက်။ |
| ၂၇ မေ ၁၉၄၉ | တက္ကသိုလ်ရုံးကို ပြန်လည်ဖွင့်လှစ်။ |
| ၁၄ ဩဂုတ် ၁၉၄၉ | မစိုးရိမ်ရုပ်ရှင်ရုံကြီးတွင် ပါကစ္စတန်လွတ်လပ်ရေးနေ့ကျင်းပရာ သဘာပတိ ကျောက်စာဝန် ဦးလူဖေဝင်းက ပါကစ္စတန်ရာဇဝင်အကြောင်းပြော၍ ကျောင်းအုပ်ကြီး ဦးကိုလေးက ပါကစ္စတန်ပြည်နှင့် ဂျပန်ပြည်အကြောင်း နှိုင်းယှဉ်ကာ ဟောပြော။ |
| ၂၉ အောက်တိုဘာ ၁၉၄၉ | ဤနေ့မှ နိုဝင်ဘာ ၇ ရက်နေ့အထိ ညမထွက်ရအမိန့်ရုပ်သိမ်း။ |
| ၁၄ နိုဝင်ဘာ ၁၉၄၉ | ၂၉ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို တောင်ကျုံးထောင့် ကျုံးနှင့်မြို့ရိုးအတွင်းကျင်းပရာ အဖွဲ့ပေါင်းစုံပါဝင်ပြီး ကျောက်စာဝန် ဦးလူဖေဝင်းနှင့် ကထိက ဦးတိုးအောင် (စာရေးဆရာ ကုသ)တို့က ဟောပြောပြီး ကျောင်းသူကလေးများ ယိမ်း၊ တပင်တိုင်အက၊ ကျောင်းသူဟောင်းများက သီချင်းကြီးဖြင့် ဖျော်ဖြေ။ |
| ၂၀ နိုဝင်ဘာ ၁၉၄၉ | အထက်ဗမာပြည် သတင်းစာဆရာများအသင်းနှင့် ဒုတိယအကြိမ် ရွှေမန်းစာဆိုတော်နေ့ကို ၂၆ဘီလမ်း ယူနီဗာဆယ်ကိတ်မုန့်တိုက်တွင်ကျင်းပရာ အယ်ဒီတာ ဦးတင်၊ လူထုဦးလှ၊ မြမျိုးလွင်၊ အမ်အေဒေါ်အုန်း၊ ချင်းတွင်း |


mgyoe.com

mgyoe.com
SAMPLE BOOK

ငမောက် (ပညာအုပ် ဦးစံချိန်)၊ ကျောင်းအုပ်ကြီး ဦးကိုလေး၊ ရွှေဥဒေါင်း၊ သစ်တောဝန် ဦးမောင်မောင်ကျော်၊ ရွှေပြည်ဦးဘတင်တို့က ရှေးစာဆိုတော်ကြီးများအကြောင်း ဟောပြော။

၁၇ ဒီဇင်ဘာ ၁၉၄၉ တက္ကသိုလ်မြန်မာစာအသင်းမှ ကြီးမှူးကျင်းပသော မြန်မာဂီတနှင့် ပန်းချီပြပွဲဖွင့်ပွဲတွင် ပန်းချီအသင်းဥက္ကဋ္ဌ ဦးစောမောင်၊ ပန်းချီဆရာသန့်၊ ရွှေပြည်ဦးဘတင်နှင့် မြူနီစီပယ်အလုပ်ဝန် ဦးသာဒွန်းတို့ ဟောပြောကြပြီး ကျောင်းသူများက သီချင်းကြီးများဖြင့် ဖျော်ဖြေ။

ဤနှစ်တွင် ကျောင်းသူကျောင်းသားပေါင်း ၂၄၃ ယောက်ထိရှိ။

---×---


mgyoe.com

mgyoe.com SAMPLE BOOK

# ၁၉၅၀

| | |
|---|---|
| ၁ ဇန်နဝါရီ ၁၉၅၀ | အမျိုးသမီး မီတာ ၁၀၀ ပြေးပွဲတွင် မန္တလေးတက္ကသိုလ်ကျောင်းသူလေးများ ဝင်ရောက်ယှဉ်ပြိုင်။ |
| ၁၈ စက်တင်ဘာ ၁၉၅၀ | ကျောင်းအုပ်ကြီး ဦးကိုလေး အမေရိကားသို့ ကျောင်းအုပ်ချုပ်ရေးနှင့် ပတ်သက်၍ သွားရောက်လေ့လာစဉ် ဓာတုဗေဒဌာနမှူး မစ္စတာပါးမှ ယာယီကျောင်းအုပ်အဖြစ် ခေတ္တဆောင်ရွက်။ |
| ၇ နိုဝင်ဘာ ၁၉၅၀ | ဘီတင်အင်ကျောင်းတွင် မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂ ပြန်လည်ထူထောင်ရေး ဆွေးနွေးပွဲကျင်းပရာ တက္ကသိုလ်မှ ကိုဉာဏ်ထွန်းက သဘာပတိအဖြစ်ဆောင်ရွက်။ |
| ၁၈ နိုဝင်ဘာ ၁၉၅၀ | တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းမှ ကြီးမှူး၍ အေဝမ်းခန်းမဆောင်၌ ရန်ကုန်မြို့မှ ဆရာကြီး ဖရန်စစ်တိုရီက 'သိအပ်ဖွယ်ရာ ဗုဒ္ဓဘာသာ' တရားတော်ကို အင်္ဂလိပ်ဘာသာဖြင့် ဟောပြော။ |
| ၁၉ နိုဝင်ဘာ ၁၉၅၀ | မန္တလေး ဒါးတန်းရပ် ရေဒီယို ဦးကိုကိုကြီး၏နေအိမ်၌ ရေဒီယိုအသံလွှင့်ပညာ ဝါသနာပါသည့် အပျော်တမ်းလူငယ်များ အစည်းအဝေးကျင်းပကာ မန္တလေးအပျော်တမ်းအသံလွှင့်အသင်းကို စနစ်တကျဖွဲ့စည်းရာတွင် မန္တလေးတက္ကသိုလ်ကျောင်းသားများပါဝင်။ |
| ၂၂ နိုဝင်ဘာ ၁၉၅၀ | တက္ကသိုလ်သို့ ဝန်ကြီးချုပ်ဦးနု ရောက်လာပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းသူ ကျောင်းသားများအား အေဝမ်းခန်းမကြီးတွင် မိန့်ခွန်းပြောကြား။ |
| ၂ ဒီဇင်ဘာ ၁၉၅၀ | ဘီတီအင်ကျောင်းတွင် မန္တလေးခရိုင်လုံးဆိုင်ရာကျောင်းသားများသမဂ္ဂဖြစ်မြောက်ရေးကော်မတီမှ ဦးစီး၍ ကျောင်းသားညီလာခံကျင်းပပြီး မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂ အောင်မြင်စွာဖွဲ့စည်း၊ ဥက္ကဋ္ဌအဖြစ် တက္ကသိုလ်မှ ကိုဉာဏ်ထွန်းကို ရွေး။ |


mgyoe.com

mgyoe.com
SAMPLE BOOK

၁၀ ဒီဇင်ဘာ ၁၉၅၀ မစိုးရိမ်ရပ်ရှင်ရုံကြီးတွင် အထက်ဗမာနိုင်ငံစာရေးဆရာအသင်းမှ ကျင်းပသော စာဆိုတော်နေ့အခမ်းအနားတွင် မြန်မာစာကထိက ဦးတိုးအောင် (စာရေးဆရာ ကုသ) က မြန်မာစာပေရာဇဝင်သမိုင်းအကြောင်း ဟောပြော။

၁၀ ဒီဇင်ဘာ ၁၉၅၀ မတကာသမှ ကြီးမှူး၍ တက္ကသိုလ်ဝင်သင်တန်း အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း ကြေညာ။

၁၆ ဒီဇင်ဘာ ၁၉၅၀ အဝေမ်းခန်းမဆောင်တွင် တက္ကသိုလ်မြန်မာအသင်းမှ ကြီးမှူး၍ ဟောပြောပွဲနှင့် ဆုပေးပွဲကျင်းပရာ အငြိမ်းစားသစ်တောဝန်မင်း ဦးမောင်မောင်ကျော်က 'မြန်မာဘုရင်များအုပ်ချုပ်ပုံ'၊ ဓမ္မကထိက ဦးလှသိန်းက 'ကျောင်းနေလျှင်လွှတ်မထားရ'အကြောင်းများဟောပြောပြီး အသင်းကြီးမှပြုလုပ်သော စာပေပြိုင်ပွဲတွင် ၁။ ကိုညာဏ်ဆန်း၊ ဆောင်းပါးပထမဆု (ဆရာကြီး ဦးကိုလေးဆု) ၃ဝိ၊ ၂။ ကိုအုံးမောင် ဒုတိယဆု (ဒေါ်အုန်းဆု) ၁၅ိ၊ ၃။ ကိုဘိုသင်း၊ ပြဇာတ်အပိုဆု (ဦးမောင်မောင်တင်ဆု) ၃ဝိ၊ ၄။ ကိုကြီးမြင့် ဝတ္ထုပထမဆု (ဦးလှလူထုဆု) ၃ဝိ၊ ၅။ ကိုအံ့မောင် ဝတ္ထုပထမဆု (ဦးတိုးအောင်ဆု) ၃ဝိ၊ ၆။ ကိုစိန်မောင် ဝတ္ထုဒုတိယဆု (ဒေါ်သန်းမေဆု) ၁၅ိ၊ ၇။ ကိုအံ့မောင် ကဗျာကြိုးပမ်းဆု (ဦးဘမြင့်ဆု) ၁၅ိ၊ ဆုချီးမြှင့်။

၁၆ ဒီဇင်ဘာ ၁၉၅၀ အဝေမ်းခန်းမ၌ မန္တလေးတက္ကသိုလ်သိပ္ပံပညာသင် ကျောင်းသူကျောင်းသားများသည် မိမိတို့၏ ရသင့်ရထိုက်သောအခွင့်အရေးများကို ဦးစီးဆောင်ရွက်ပေးနိုင်မည့် 'မန္တလေးတက္ကသိုလ်သိပ္ပံပညာအသင်းကြီး'ကို အောင်မြင်စွာဖွဲ့စည်း။

၂၀ ဒီဇင်ဘာ ၁၉၅၀ ဝင်းလိုက်ရုပ်ရှင်ရုံကြီးတွင် ကျောင်းသားနေ့ကျင်းပရာ မတကာသ တက်ရောက်။

၃၀ ဒီဇင်ဘာ ၁၉၅၀ ကျောင်းကစားကွင်းတွင် နှစ်ပတ်လည်ကျန်းမာရေး ပြေးခုန်ကစားပွဲကျင်းပရာ ကျောင်းသူကျောင်းသားများ၊ ကျောင်းသားဟောင်းများနှင့် ဆရာဆရာမများပါ ဝင်ရောက်ယှဉ်ပြိုင်။

၃၁ ဒီဇင်ဘာ ၁၉၅၀ ၂၆ဘီလမ်း ယူနီဗာဆယ်ကိတ်မုန့်တိုက်တွင် (၁၉၂၅–၁၉၄၉) မန္တလေးကောလိပ်ကျောင်းသားဟောင်းများ ညစာစားပွဲကျင်းပ။

---×---


mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၉၅၁

| | |
|---|---|
| ၁၄ ဇန်နဝါရီ ၁၉၅၁ | ရန်ကုန်တက္ကသိုလ် အနုပညာစာပေဌာနမှူး ပါမောက္ခဦးအေးမောင် မန္တလေးတက္ကသိုလ်သို့ရောက်။ |
| ၁၅-၁၇ ဇန်နဝါရီ ၁၉၅၁ | ပါမောက္ခဦးအေးမောင်က ကျောင်းသားများအား မြန်မာစာပေဆိုင်ရာ ရှင်ဥတ္တမကျော်တောလားကဗျာ၊ မင်းဧယျရန္တမိတ်ဆို ရတုများနှင့် မြန်မာစာညွှန့်ပေါင်းကျမ်းမှ ကဗျာကောက်နုတ်ချက်များကို သင်ကြားပို့ချ။ |
| ၂၅ ဖေဖော်ဝါရီ ၁၉၅၁ | အခမဲ့တက္ကသိုလ်ဝင်သင်တန်း မြန်မာစာသင်ပြချိန်ကို နံနက် ၈ နာရီမှ ၁၀ နာရီအထိ အချိန်ပြောင်း။ |
| ၁၅ မတ် ၁၉၅၁ | ယိုးဒယားပြည်မှ ဗုဒ္ဓသာသနာပြုလူကြီးမင်းများ မန္တလေးတက္ကသိုလ်သို့ တြိပိဋကတ်တော်တစ်စုံလှူဒါန်း။ |
| ၅ ဇွန် ၁၉၅၁ | အစိုးရကရွေးချယ်ခဲ့သော ဗမာနိုင်ငံတော်ပညာသင်များစာရင်းတွင် တက္ကသိုလ်မှ မောင်ထွန်းအောင် ဘီအက်စီ ဓာတုဗေဒနည်းပြဆရာ၊ အာသာဖူးညို ဘီအက်စီ စိုက်ပျိုးရေး၊ မောင်ကျော်ဇင် ဘီအက်စီ စိုက်ပျိုးရေး တို့ပါဝင်။ |
| ၁၃ ဇွန် ၁၉၅၁ | စိတ္တရမဟီရပ် ဆုတောင်းရဘုရားအနီး စာဖတ်ရုံ၌ မန္တလေးမြို့ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခြင်းသင်တန်းကလပ်က ကမကထပြုလျက် တက္ကသိုလ်မှ လက်ရွေးစင်ကျောင်းသား ၁၀ ယောက်သည် 'ကျွန်ုပ်၏တသက်၌ စိတ်အကြင်လင်ဆုံးနေ့'အကြောင်းကို အင်္ဂလိပ်လိုဟောပြော။ |
| ၁၉ ဇွန် ၁၉၅၁ | တက္ကသိုလ်ဖွင့်။ အေဝမ်းခန်းမကြီးတွင် ကျောင်းအုပ်ကြီး ဦးကိုလေးက မိန့်ခွန်းပြော။ (ကျောင်းသူကျောင်းသားပေါင်း ၅၀၀ ခန့်ရှိ) |
| ၃၀ ဇွန် ၁၉၅၁ | အေဝမ်းခန်းမကြီးတွင် တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီးက စီစဉ်၍ အထက်တန်းရှေ့နေကြီး ဦးခင်မောင်ဒွေးက 'သစ္စာလေးပါးတရား'အကြောင်း ဟောပြော။ |

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁ ဩဂုတ် ၁၉၅၁ | အခန်းနံပါတ် အေ ၁၃ တွင် အမျိုးသားကျောင်းသူကျောင်းသားဟောင်းများ စည်းဝေးပွဲတရပ်ကျင်းပပြီး မန္တလေးတက္ကသိုလ်အမျိုးသားကျောင်းသား ဟောင်းများအသင်းကို ဖွဲ့စည်း။ |
| ၄ ဩဂုတ် ၁၉၅၁ | မန္တလေးတက္ကသိုလ် ပါဠိကျောင်းသူကျောင်းသားများအသင်းသို့ အလှူငွေ ထည့်ဝင်ကူညီကြသော မြို့မိမြို့ဖများအား အသင်းဝင်များက ကျေးဇူးတင် ကြောင်း လူထုသတင်းစာတွင် မှတ်တမ်းတင်ဖော်ပြ။ |
| ၆ ဩဂုတ် ၁၉၅၁ | ၁၉၅၁–၅၂ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများ အား မတကသကျောင်းသားများနှင့် တက္ကသိုလ်နည်းပြဆရာများက ဘာသာစုံ သင်ကြားပို့ချ။ |
| ၁၀ ဩဂုတ် ၁၉၅၁ | အေ (၃) အခန်းတွင် မန္တလေးပွဲကုန်းကျောင်းသားဟောင်းများအသင်းကို ဖွဲ့စည်း။ |
| ၁၃ ဩဂုတ် ၁၉၅၁ | အေ (၁) အခန်းတွင် မန္တလေးတက္ကသိုလ် လောကဓာတ်ပညာသင် ကျောင်းသားများ နှစ်ပတ်လည်အစည်းအဝေးကျင်းပပြီး အသင်းအမှုဆောင် များကို အများသဘောတူ ရွေးကောက်။ |
| ၁၆ ဩဂုတ် ၁၉၅၁ | ယူဘီအေအေ ဘောလုံးကွင်းတွင် စီနီယာတံခွန်စိုက်ဖလားလုပွဲကို တက္ကသိုလ် အသင်းနှင့် တပ်မတော်အသင်းတို့ ကစားကြရာ တက္ကသိုလ်အသင်းမှ တပ်မတော်အသင်းကို ၄ဂိုး ၂ဂိုးနှင့်နိုင်။ |
| ၁၈ ဩဂုတ် ၁၉၅၁ | အဝေမ်းခန်းမကြီးတွင် တက္ကသိုလ်ရာဇဝင်အသင်းမှ 'ကမ္ဘာ့လက်ရှိနိုင်ငံရေး အခြေအနေအရ မြန်မာပြည်သည် ကြားနေဝါဒကို လက်ကိုင်ထားသင့်သည်' ဟူသော ခေါင်းစဉ်ဖြင့် စကားရည်လုပွဲကျင်းပ။ |
| ၂၀ ဩဂုတ် ၁၉၅၁ | အဝေမ်းခန်းမကြီးတွင် ၁၉၅၁–၅၂ မတကသ အမှုဆောင်အဖွဲ့သစ်ကို အများသဘောတူ ရွေးချယ်တင်မြှောက်၊ ဥက္ကဋ္ဌမှာ ကိုမောင်လေး (ဝိဇ္ဇာ အထက်တန်း)ဖြစ်။ |

mgyoe.com

mgyoe.com
SAMPLE BOOK

၂၂ ဩဂုတ် ၁၉၅၁ — ယူဘီအေအေဘောလုံးကွင်းတွင် တက္ကသိုလ်အသင်းနှင့် ကျောက်ဆည် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တက္ကသိုလ်အသင်းက ၈ ဂိုး ဂိုးမရှိဖြင့် အနိုင်ရ။

၂၄ ဩဂုတ် ၁၉၅၁ — မတကသမှ ကြီးမှူး၍ တက္ကသိုလ်ခန်းမဆောင်သစ်ကြီးတွင် ဦးထွန်းအောင်ကျော် (ဗမာနိုင်ငံလုံးဆိုင်ရာ လခပေါင်းစုံအသင်းကြီးဥက္ကဋ္ဌ) က British Trade Unionism အကြောင်း အင်္ဂလိပ်လိုဟောပြော။

၂၅ ဩဂုတ် ၁၉၅၁ — တက္ကသိုလ်မြန်မာအသင်းကြီး၏ အသင်းဖွင့်ပွဲကျင်းပရာ ဆရာကြီး ဦးခိုင်က ရကန်၊ အိုင်ချင်း၊ အဲချင်း၊ တျာချင်း၊ သာချင်းတို့ကို သီဆို၍ ရှေ့ပြည်ဦးဘတင်က ကုန်းဘောင်ခေတ် ဒုတိယပိုင်း ဂီတမှူးစာဆိုကျော်တို့၏ အတ္ထုပ္ပတ္တိကို ဟောပြော။

၂၈ ဩဂုတ် ၁၉၅၁ — မတကသ အစည်းအဝေးကျင်းပ၊ ကျောင်းသူကျောင်းသားပေါင်း ၃၅၀ ကျော်တက်။

၃၀ ဩဂုတ် ၁၉၅၁ — ယူဘီအေအေဘောလုံးကွင်းတွင် တက္ကသိုလ်အသင်းနှင့် စစ်ကိုင်းအသင်း ယှဉ်ပြိုင်ကစားရာ တက္ကသိုလ်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရ။

၁ စက်တင်ဘာ ၁၉၅၁ — နှစ်ပတ်လည်ကျင်းပမြဲဖြစ်သော တက္ကသိုလ်အပျော်တမ်းလက်ဝှေ့ပွဲကြီး ကျင်းပ။

၃ စက်တင်ဘာ ၁၉၅၁ — ယူဘီအေအေဘောလုံးကွင်းတွင် ရဲတပ်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရဲတပ်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရ။

၄ စက်တင်ဘာ ၁၉၅၁ — မတကသ အမှုဆောင်အစည်းဝေးကျင်းပရာ ဆုံးဖြတ်ချက် ၁၂ ရပ်ကို သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းဆိုရန် အတည်ပြု၊ ဆုံးဖြတ်ချက် ၁၂ ရပ်တွင် သီးခြားတက္ကသိုလ်ဖြစ်ရန်၊ ဆေးရုံဆောက်ရန်၊ အားကစားရုံဆောက်ရန်၊ အဆောင်များတိုးချဲ့ပေးရန်၊ လက်ရှိပညာရေးစနစ်ဖျက်သိမ်း၍


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| | ပြည်သူ့ပညာရေးစနစ် အမြန်တည်ဆောက်ရန်၊ ပညာရေးရန်ပုံငွေ ထပ်မံတိုးမြှင့်ပေးရန်တို့ပါဝင်။ |
| ၁၄ စက်တင်ဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် ရဲဗိုလ်သိပ္ပံအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ၁ ဂိုးစီဖြင့် သရေကျ။ |
| ၁၈ စက်တင်ဘာ ၁၉၅၁ | တက္ကသိုလ်မှ ဂီတပညာဝါသနာပါသူများက တက္ကသိုလ်ခန်းမကြီး၌ စုဝေးကာ 'တက္ကသိုလ်အပျော်တမ်းတူရိယာအသင်းကြီး'ကို ဖွဲ့စည်း။ |
| ၂၀ စက်တင်ဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် ဧရာဝတီအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရ။ |
| ၂၄ စက်တင်ဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် တက္ကသိုလ်အသင်းနှင့် အမရပူရမော်တော်ယဉ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ၃ ဂိုးစီဖြင့် သရေကျ။ |
| ၇ အောက်တိုဘာ ၁၉၅၁ | ဂုန္တန်ရပ် ကျောင်းသားသမဂ္ဂရုံးခန်းတွင် အထက်ဗမာနိုင်ငံ ကလောင်သစ်လူငယ်များအဖွဲ့ ဖွဲ့စည်းရာတွင် နာယကလူကြီးအဖြစ် ဆရာဦးတိုးအောင် (ကုသ) ပါဝင်။ |
| ၂၁ အောက်တိုဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် တက္ကသိုလ်အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ တက္ကသိုလ်အသင်းက ၃ဂိုး ၁ဂိုးဖြင့် အနိုင်ရ။ |
| ၂၄ အောက်တိုဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် တက္ကသိုလ်အသင်းနှင့် ရဲတပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တက္ကသိုလ်အသင်းက ၄ဂိုး ၁ဂိုးဖြင့် အနိုင်ရ။ |
| ၃၀ အောက်တိုဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် နန်းတွင်းတပ်မတော်နှင့် တက္ကသိုလ်တို့ ကစားကြရာ ၃ဂိုး ၁ဂိုးဖြင့် တပ်မတော်က အနိုင်ရ။ |
| ၂ နိုဝင်ဘာ ၁၉၅၁ | မတကသမှ ကြီးမှူး၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသူကျောင်းသားများအတွက် အင်္ဂလိပ်၊ မြန်မာ၊ ဓာတုဗေဒဘာသာရပ်များကို အခမဲ့သင်ကြားပေး။ |


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၅ နိုဝင်ဘာ ၁၉၅၁ | အာဠဝီစီလမ်း ဂူဂျာရတီကျောင်းတွင် ဗမာနိုင်ငံ၏ ၈ ကြိမ်မြောက် ကမ္ဘာ့သမဝါယမနေ့အထိမ်းအမှတ် 'သမဝါယမလုပ်ငန်းအောင်မြင်ခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းပိုင်ရှင်များအား ထိခိုက်စေမည်မဟုတ်' စကားရည်လုပွဲကျင်းပရာ အဆိုဘက်မှ ရွှေနေကြီး ဦးဘသင်၊ စိုက်ပျိုးရေးသိပ္ပံမှ ဦးအောင်သိန်းနှင့် မန္တလေးတက္ကသိုလ်ဆရာမ ဒေါ်ခင်ညိုညိုတို့ ပါဝင်ရာ အဆိုဘက်မှ အနိုင်ရ၊ အချေဘက်မှ မြို့နီစီပယ်လူကြီး ဦးအေးမောင်၊ ဦးကြင်၊ တိုင်းချစ်ကျောင်းဆရာမ ဒေါ်စောမြသန်းတို့ပါဝင်။ |
| ၂၁ နိုဝင်ဘာ ၁၉၅၁ | အေဝမ်းခန်းမတွင် ၁၉၅၂-၅၃ တက္ကသိုလ်မဂ္ဂဇင်းကော်မတီဖွဲ့ရာ တွဲဖက်မြန်မာစာ စာတည်း ကျောက်ဆောက်သာနိုး (ပထမ ဉပစာသိပ္ပံ)၊ အလုပ်တာဝန်ခံ ဦးမောင်မောင်တင် (ဆရာ)၊ ကျောင်းသူတာဝန်ခံ မမေမေလှိုင် (ပထမ ဉပစာဝိဇ္ဇာ)တို့ ပါဝင်။ |
| ၂၉ နိုဝင်ဘာ ၁၉၅၁ | ဝင်းလိုက်ရုပ်ရှင်ရုံကြီးတွင် အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူး၍ စာဆိုတော်နေ့အခမ်းအနားကျင်းပရာ တက္ကသိုလ်ဆရာများအသင်းနှင့် မတကသတို့ တက်ရောက်။ |
| ၄ ဒီဇင်ဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် တက္ကသိုလ်အသင်းနှင့် မေမြို့ကောလိပ်အသင်းတို့ ကစားကြရာ တက္ကသိုလ်အသင်းက ၂ဂိုး ဂိုးမရှိဖြင့် အနိုင်ရ။ |
| ၆ ဒီဇင်ဘာ ၁၉၅၁ | ယူဘီအေအေဘောလုံးကွင်းတွင် အမရပူရမော်တော်ယဉ်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ကစားကြရာ ဂိုးမရှိ သရေဖြစ်။ |
| ၈ ဒီဇင်ဘာ ၁၉၅၁ | တက္ကသိုလ်သို့ တရုတ်ယဉ်ကျေးမှုမိတ်ဆက်အဖွဲ့ ရောက်ရှိလေ့လာ။ |
| ၁၁ ဒီဇင်ဘာ ၁၉၅၁ | မတကသ၊ မန္တလေးခရိုင်ကျောင်းသားသမဂ္ဂနှင့် ကျောင်းပေါင်းစုံကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးကျင်းပပြီး ကျောင်းသားနေ့ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်း။ |


mgyoe.com

mgyoe.com
SAMPLE BOOK

၁၂ ဒီဇင်ဘာ ၁၉၅၁ — မတကာသနှင့် မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂတို့ ကျောင်းသားနေ့ ဖြစ်မြောက်ရေးနှင့်ပတ်သက်၍ အရေးပေါ်ကြေညာချက်ထုတ်။

၁၄ ဒီဇင်ဘာ ၁၉၅၁ — ယူဘီအေအေဘောလုံးကွင်းတွင် အမရပူရမော်တော်ယဉ်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ကစားကြရာ မော်တော်ယဉ်အသင်းက ၂ဂိုး ဂိုးမရှိဖြင့် အနိုင်ရ။

၁၅ ဒီဇင်ဘာ ၁၉၅၁ — လောကစာတ်ကျောင်းသားများအသင်းမှ ကြီးမှူး၍ 'လက်ရှိမြန်မာပြည်၌ အင်ဂျင်နီယာများနှင့် ဆရာဝန်များတွင် မည်သူ၏အလုပ်က တိုင်းပြည်အတွက် လတ်တလောအရေးကြီးသည်' ဆိုသော စကားရည်လုပွဲကို တက္ကသိုလ်ကျောင်းခန်းမတွင် ကျင်းပ။

၁၈ ဒီဇင်ဘာ ၁၉၅၁ — တရုတ်ပြည်သစ် ယဉ်ကျေးမှုသုတေသနအဖွဲ့ လာရောက်လေ့လာရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက လိုက်လံပြသပြီး အုပ်ချုပ်ရေးအဖွဲ့က လက်ဖက်ရည်ပွဲနှင့် ဧည့်ခံ၍ ကျောင်းသားများက ရှမ်းအကဖြင့် ဧည့်ခံ။

၂၀ ဒီဇင်ဘာ ၁၉၅၁ — ဝင်းလိုက်ရုပ်ရှင်ရုံကြီးတွင် ကျောင်းသားနေ့ကျင်းပရာ မတကာသ တက်ရောက်။

၃၀ ဒီဇင်ဘာ ၁၉၅၁ — ဝါးထောက်ခုန်၊ သံလုံးပစ်၊ တန်းခုန်ပြေး၊ လှံပစ်၊ အမြင့်ခုန်၊ ဂုံနီအိပ်စွပ်ပြေး၊ အလျားခုန်၊ လွှန်ပွဲများပါဝင်သော တက္ကသိုလ်ပြေးခုန်ကစားပွဲကျင်းပ။

---×---


mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၉၅၂

| | |
|---|---|
| ၂ ဖေဖော်ဝါရီ ၁၉၅၂ | မန္တလေးကောလိပ်ကျောင်းသားများ နှစ်ပတ်လည်ထမင်းစားပွဲကို ယူနီဗာဆယ်မုန့်တိုက်တွင်ကျင်းပ။ |
| ၁၁ ဖေဖော်ဝါရီ ၁၉၅၂ | ၁၉၅၂ ခုနှစ် ရွှေမန်းမယ်ရွေးပွဲကို ဦးခန္တီနှစ်ပတ်လည်ပွဲ၌ ကျင်းပပြုလုပ်ရာ ရွှေမန်းမယ်ဘွဲ့ကို မန္တလေးတက္ကသိုလ် ပထမနှစ်ဥပစာတန်းတွင် ရာဇဝင် စိတ်ကြိုက်မြန်မာစာပါဠိတို့ကိုသင်ယူနေသော ကြူကြူချို ရရှိ။ |
| ၂၀ မတ် ၁၉၅၂ | တက္ကသိုလ်စာကြည့်တိုက်အတွက် ကွယ်လွန်သူအငြိမ်းစားကျောက်စာဝန်မင်း မစ္စတာဒူရိုင်ဇယ်၏ ကျန်ရှိနေသော တရုတ်၊ လက်တင်၊ ပြင်သစ်၊ စပိန်၊ ဂျာမန်၊ သက္ကတ၊ ပါဠိ၊ သီဟိုဠ် စသောစာအုပ်များကို မစ္စအေဒူရိုင်ဇယ် ထံမှ အဖိုးငွေ ၁၆၀၀ နှင့်ဝယ်။ |
| ၄ ဧပြီ ၁၉၅၂ | ဘီအေ ဘီအက်စီအောင်စာရင်းထွက်။ ၂၅ ယောက်ဖြေဆိုရာ ၂၀ ယောက် အောင်မြင်။ |
| ၂၃ မေ ၁၉၅၂ | ဇွန်လ ၁၇ ရက်နေ့ ကျောင်းဖွင့်မည်။ ဇွန်လ ၁၇ ရက်နေ့မှစ၍ ကျောင်းအပ် လက်ခံမည်ဖြစ်ကြောင်း ကြေညာ။ |
| ၁ ဇွန် ၁၉၅၂ | အင်ဒိုနီးရှားဝန်ကြီးချုပ်ဟောင်းနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုလေ့လာ။ |
| ၁၇ ဇွန် ၁၉၅၂ | တက္ကသိုလ်ဖွင့်။ ကျောင်းအုပ်ကြီး ဦးကိုလေး ဩဝါဒမိန့်ခွန်းပြော။ |
| ၁ ဇူလိုင် ၁၉၅၂ | ၁၉၅၂ ခုနှစ် မောင်မယ်သစ်လွင်များအတွက် ပြည်တော်သာအဆောင်သစ် ဖွင့်။ |
| ၁၀ ဇူလိုင် ၁၉၅၂ | မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂမှဦးစီး၍ ကျောင်းပေါင်းစုံအစည်းအဝေး ကို အမှတ် (၁) အထက်တန်းကျောင်းမှာပြုလုပ်ရာ မတကသ တက်ရောက်။ တက္ကသိုလ်ဝင်စာမေးပွဲဂယက်နှင့်ပတ်သက်၍ ကျောင်းပေါင်းစုံတိုက်ပွဲ ကော်မတီဖွဲ့စည်း။ |

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၆ ဇူလိုင် ၁၉၅၂ | တက္ကသိုလ်ဆရာ ဆရာမများအသင်း ပြန်လည်ဖွဲ့စည်း။ |
| ၁၈ ဇူလိုင် ၁၉၅၂ | တက္ကသိုလ်ခန်းမဆောင်ကြီးတွင် မန္တလေးကောလိပ်ကျောင်းသူကျောင်းသားဟောင်းများအသင်းမှ ကြီးမှူး၍ ဒေါက်တာထွန်းရွှေက 'အသက်မွေးမှုဆေးပညာ'အကြောင်း ဟောပြော။ |
| ၂၅ ဇူလိုင် ၁၉၅၂ | မတကသ (၁၉၅၂-၅၃) ရွေးကောက်ပွဲကျင်းပ။ ဥက္ကဋ္ဌအဖြစ် ကိုလှရွှေကို တင်မြှောက်။ |
| ၂၈ ဇူလိုင် ၁၉၅၂ | သမဂ္ဂရုံးတွင် မတကသ အမှုဆောင်သစ်အစည်းအဝေးကျင်းပပြီး သမဂ္ဂ၏ ဝါဒနှင့်လမ်းစဉ်ရေးဆွဲရန် ကော်မတီငယ်တရပ်ဖွဲ့စည်း။ တကသအဆောက်အဦ ဖြစ်မြောက်ရေးအတွက် အလှူရှင်ရှာရန်ဆုံးဖြတ်။ |
| ၂၉ ဇူလိုင် ၁၉၅၂ | မန္တလေးတက္ကသိုလ် ရေဒီယိုကလပ် (၁၉၅၂-၅၃) အမှုဆောင်သစ် ရွေးကောက်တင်မြှောက်။ ဥက္ကဋ္ဌမှာ ဦးလိုတိုင်းရ (ဒုတိယနှစ် ဉပစာသိပ္ပံ) ဖြစ်။ |
| ၃၁ ဇူလိုင် ၁၉၅၂ | ယူဘီအေအေဘောလုံးကွင်းတွင် နန်းတွင်းတပ်မောင်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ နန်းတွင်းတပ်မောင်အသင်းက ၃ဂိုး ၁ဂိုးဖြင့် အနိုင်ရ။ |
| ၃၁ ဇူလိုင် ၁၉၅၂ | မတကသအဆောက်အဦအတွက် အလှူခံထွက်ရာ ၅၂၀ ကျပ်ရရှိ။ |
| ၄ ဩဂုတ် ၁၉၅၂ | ယူဘီအေအေဘောလုံးကွင်းတွင် စစ်ရဲအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ၂ဂိုး ၂ဂိုးဖြင့် သရေကျ။ |
| ၁၅ ဩဂုတ် ၁၉၅၂ | ၁၉၅၁-၅၂ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းထွက်။ |
| ၁၅ ဩဂုတ် ၁၉၅၂ | ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိမြို့နယ်များမှ ကျောင်းသူ/သားများသည် မန္တလေးတက္ကသိုလ်ချင်းတွင်းအသင်းကိုဖွဲ့စည်း။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ၂၆ ဩဂုတ် ၁၉၅၂ | ယူဘီအေအေဘောလုံးကွင်းတွင် တက္ကသိုလ်အသင်းနှင့် ရဲတပ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားရာ ၁ဂိုး ၁ဂိုးဖြင့် သရေကျ။ |
| ၃၀ ဩဂုတ် ၁၉၅၂ | တက္ကသိုလ်စည်းဝေးခန်းမဆောင်တွင် မန္တလေးတက္ကသိုလ်နေ့ ကျောင်းသူကျောင်းသားများအသင်းကြီးဖွင့်ပွဲပြုလုပ်ပြီး ကျဘမ်းမောင်မယ်ရွေးပွဲကျင်းပ။ |
| ၃၀ ဩဂုတ် ၁၉၅၂ | မန္တလေးတက္ကသိုလ်ပါဠိအသင်းဖွင့်ပွဲတွင် ကျောက်စာဝန် ဦးလူဖေဝင်းက ကိုယ်တွေ့တရုတ်ပြည်သစ်အကြောင်းဟောပြော။ |
| ၁ စက်တင်ဘာ ၁၉၅၂ | ယူဘီအေအေဘောလုံးကွင်းတွင် အမရပူရမော်တော်ယဉ် (က) အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ၂ဂိုး ၂ဂိုးဖြင့် သရေကျ။ |
| ၅ စက်တင်ဘာ ၁၉၅၂ | မတကာသ ရန်ပုံငွေ တက္ကသိုလ်မောင်မယ်ရွေးပွဲနှင့် အလေးမ ပြိုင်ပွဲကြီးကို မြို့မရုံကြီးတွင် ကျင်းပ။ |
| ၆ စက်တင်ဘာ ၁၉၅၂ | မန္တလေးတက္ကသိုလ်မြန်မာအသင်း (၁၉၅၂-၅၃) ဖွင့်ပွဲ ခန်းမဆောင်ကြီး၌ ကျင်းပ။ |
| ၈ စက်တင်ဘာ ၁၉၅၂ | ဗကသများအဖွဲ့ချုပ် ဒုတိယအကြိမ်ညီလာခံတွင် မတကာသကိုယ်စားလှယ်က ၎င်းတို့၏ သမဂ္ဂဝါဒနှင့် လုပ်ငန်းစဉ်များကို တင်သွင်း။ |
| ၁၂ စက်တင်ဘာ ၁၉၅၂ | ပြည်သူ့လွှတ်တော်အစည်းဝေးတွင် ကာကွယ်ရေးဝန်ကြီး ဦးဘဆွေက ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များတွင် အရန်နယ်စောင့်တပ်များဖွဲ့စည်းရန် အခြေခံဥပဒေပုဒ်မ ၃၇ အရ ခွင့်ပြုပါရန်တင်သွင်းရာ ဘဏ္ဍာရေးဝန်ကြီး ဦးတင်က ထောက်ခံပြီး အများသဘောတူ အတည်ပြု။ |
| ၁၄ စက်တင်ဘာ ၁၉၅၂ | တက္ကသိုလ်မြန်မာအသင်းကြီးဖွင့်ပွဲတွင် 'ဟေမဝန်ဇွေ ရှာပုံတော်ကြီး'ကို ရွှေမန်းကျောင်းတော်သူများက သရုပ်ဖော်ကပြ။ |

mgyoe.com

mgyoe.com
SAMPLE BOOK

၁၆ စက်တင်ဘာ ၁၉၅၂ — အောဝမ်းခန်းမဆောင်၌ ကျောင်းသူကျောင်းသားဟောင်းများ အစည်းအဝေး ကျင်းပပြီး ၁၉၅၂–၅၃ ခုနှစ် မန္တလေးတက္ကသိုလ်ကျောင်း နှစ်လည်စာစောင် အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်။

၂၄ စက်တင်ဘာ ၁၉၅၂ — မတကာသ၏ ကြွေးကြော်သံမဂ္ဂဇင်းစာစောင်ထုတ်ဝေရန် ကော်မတီဖွဲ့။

၂၅ စက်တင်ဘာ ၁၉၅၂ — တက္ကသိုလ်စည်းဝေးခန်းမတွင် ဆရာ ဆရာမများနှင့် မတကာသတို့ ပူးပေါင်းပြီး 'မြန်မာ့သုခမအနုပညာမြှင့်တင်ရေးအဖွဲ့အစည်းကြီး'ကို ဖွဲ့စည်းရာ သဘာပတိအဖြစ် ကျောင်းအုပ်ကြီး ဦးကိုလေးကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မတကာသအတွင်းရေးမှူး ကိုဉာဏ်ကဆောင်ရွက်။

၂၆ စက်တင်ဘာ ၁၉၅၂ — ယူဘီအေအေ ဘောလုံးကွင်းတွင် ရဲတပ်(က)အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ၂ဂိုး ၂ဂိုးဖြင့် သရေကျ။

၇ အောက်တိုဘာ ၁၉၅၂ — ၂၆ လမ်း၊ ၈၁ လမ်းထောင့် အမေရိကန်ပြန်ကြားရေး စာကြည့်တိုက်ဖွင့်ပွဲပြုလုပ်ရာ ကျောင်းအုပ်ကြီး ဦးကိုလေးက မိန့်ခွန်းပြောကြား။

၂၃ အောက်တိုဘာ ၁၉၅၂ — ယူဘီအေအေဘောလုံးကွင်းတွင် ရန်ကုန်တက္ကသိုလ်အသင်းနှင့် မန္တလေးတက္ကသိုလ်အသင်းတို့ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ကစားရာ မန္တလေးတက္ကသိုလ်အသင်းက ၁ဂိုး ဂိုးမရှိဖြင့် အနိုင်ရ။

၂၇ အောက်တိုဘာ ၁၉၅၂ — ယူဘီအေအေဘောလုံးကွင်းတွင် တတိယနောက်ဆုံးပွဲအဖြစ် ရန်ကုန်တက္ကသိုလ်အသင်းနှင့် မန္တလေးတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတက္ကသိုလ် အသင်းဘက်မှ ပင်နယ်တီဘောရ၍ ၁ဂိုး ဂိုးမရှိဖြင့် အနိုင်ရ။

၂ နိုဝင်ဘာ ၁၉၅၂ — သကျသီဟဘုရားဝင်းအတွင်းရှိ တိုင်းချစ်ကျောင်းသားများသပိတ်စခန်း၌ ဉာဏ်ကြီးရှင်မေးခွန်းများကို ကျောင်းသူကျောင်းသားများက မေးခွန်းထုတ်၍ သိလိုသောအမေးများကို တကာသအတွင်းရေးမှူး ကိုဉာဏ်၊ ကိုဝင်းမြင့်၊ အမျိုးသမီးဌာနမှူး မခင်သန်းလှိုင်တို့က အသီးသီးဖြေဆိုကြ။ ရွှေပြည်


mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| | ဦးဘတင်က ရာဇဝင်ကြောင်းဟောပြော၊ သဘင်သမဂ္ဂက ဆိုင်းတီး၍ ဖျော်ဖြေ။ |
| ၃ နိုဝင်ဘာ ၁၉၅၂ | ရာဇက်ခန်းမဆောင်ကြီး ဖွင့်လှစ်။ |
| ၁၁ နိုဝင်ဘာ ၁၉၅၂ | ၃၂ ကြိမ်မြောက် အမျိုးသားနေ့အခမ်းအနားကို အနောက်တောင်ကျုံးထောင့်တွင်ပြုလုပ်ရာ ဝဏ္ဏကျော်ထင် ဦးဘခင်၊ တိုင်းမင်းကြီး ဦးအောင်မြင့်၊ ဖဆပလ ဦးဘကြွယ်နှင့် မတကသမှ ကိုညဏ်တို့က အသီးသီးဟောပြော။ |
| ၂၅ နိုဝင်ဘာ ၁၉၅၂ | မတကသရုံးခန်း၌ ၁၄ ကြိမ်မြောက် ကျောင်းသားနေ့ကျင်းပရေးအတွက် မတကသနှင့် မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂတို့မှ ကိုယ်စားလှယ်များပါဝင်သော ကော်မတီဖွဲ့စည်း။ |
| ၂ ဒီဇင်ဘာ ၁၉၅၂ | ယူဘီအေအေဘောလုံးကွင်းတွင် ကျောက်ကုန်သည်ဒိုင်း ဆီမီးဖိုင်နယ်ပွဲကို တပ်မတော်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်အသင်းမှ ၂ဂိုး ၁ဂိုးဖြင့် အနိုင်ရ။ |
| ၁၈ ဒီဇင်ဘာ ၁၉၅၂ | မတကသမှ ကြီးမှူး၍ စာပေနှင့်အနုပညာပြိုင်ပွဲ ဆုပေးပွဲနှင့် ပီယမောင်ရွေးပွဲကို ဒီမိုကရေစီစည်းကမ်းအရ မဲပြားကလေးများဖြင့်ရွေးချယ်။ |
| ၂၀ ဒီဇင်ဘာ ၁၉၅၂ | ဝင်းလိုက်ရုပ်ရှင်ရုံကြီးတွင် ၁၄ ကြိမ်မြောက် ကျောင်းသားနေ့အထိမ်းအမှတ်ကျင်းပရာ မတကသဥက္ကဋ္ဌ ကိုလှရွှေက သဘာပတိအဖြစ်ဆောင်ရွက်။ မိန့်ခွန်းပြောပြီး အဆို ၅ ချက်ကို ကျောင်းသားသမဂ္ဂအသီးသီးမှ တောင်းဆိုပြီး အာဇာနည်ကုန်းသို့ သွားရောက်အမိဠာန်ပြု။ |
| ၂၁ ဒီဇင်ဘာ ၁၉၅၂ | မြန်မာစာကထိက၊ လက်ထောက်ကထိက၊ နည်းပြ အလုပ်လျှောက်လွှာခေါ်။ |
| ၂၂ ဒီဇင်ဘာ ၁၉၅၂ | တက္ကသိုလ်ပြေးခုန်ကစားပွဲတွင် မိုင်ရှည်ပြေးပွဲ ကျင်းပပြုလုပ်။ |
| ၂၇ ဒီဇင်ဘာ ၁၉၅၂ | တက္ကသိုလ်နှစ်ပတ်လည် အားကစားပြေးခုန်ကစားပွဲကြီးကျင်းပ။ |
| ၂၉ ဒီဇင်ဘာ ၁၉၅၂ | ယူဂိုစလပ်မစ်ရှင်အဖွဲ့ဝင်များ တက္ကသိုလ်သို့ လာရောက်လေ့လာ။ |

---×---


mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၉၅၃

| | |
|---|---|
| ၁၃ ဇန်နဝါရီ ၁၉၅၃ | တက္ကသိုလ်သို့ ရောက်ရှိလာသော နယူးဇီလန်ပြည် ငြိမ်းချမ်းရေးခေါင်းဆောင် မစ္စတာအာချာအား မတကသမှ ဧည့်ခံတွေ့ဆုံ။ |
| ၂၅ ဇန်နဝါရီ ၁၉၅၃ | တက္ကသိုလ် စစ်အတတ်ပညာကျောင်းသား ၆၀ တို့၏ အရန်သင်တန်းဆင်းပွဲကို တက္ကသိုလ်ကျောင်းတောင်ဘက် မြေကွက်လပ်တွင်ကျင်းပရာ ဗိုလ်ချုပ်နေဝင်း လာရောက်ကြည့်ရှု။ |
| ၃ မတ် ၁၉၅၃ | အထက်ဗမာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မန္တလေးတက္ကသိုလ် မြန်မာစာဌာနမှူး ဆရာဦးတိုးအောင် (ကုသ)သည် မော်လမြိုင်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့ရမည်ဖြစ်သဖြင့် စာရေးဆရာများက ဦးတိုးအောင်ကို နှုတ်ဆက်ပွဲ ပြုလုပ်ကျင်းပ။ |
| ၇ မတ် ၁၉၅၃ | မန္တလေးကောလိပ်ကျောင်းသားဟောင်းအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ညစာစားပွဲကျင်းပ။ |
| ၆ ဧပြီ ၁၉၅၃ | ကျောင်းဧည့်ခံခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးရေးဌာနအရာရှိကြီးများ ညီလာခံ ကျင်းပ။ |
| ၁၅ ဇွန်၁၉၅၃ | တက္ကသိုလ်ဖွင့်၊ ကျောင်းတက်ရက်နှင့် ကျောင်းသင်ခန်းစာကြိုးစားမှုအတွက် အမှတ် ၂၅ ရာခိုင်နှုန်းပေးမည့် စာမေးပွဲစနစ်ပြောင်းလဲပုံအကြောင်းကို ကျောင်းအုပ်ကြီး ဦးကိုလေးက ခန်းမဆောင်သစ်တွင် မိန့်ခွန်းပြော။ |
| ၂၉ ဇွန် ၁၉၅၃ | မန္တလေးတက္ကသိုလ်ကျောင်းဆရာ ဆရာမများအသင်းအမှုဆောင်အဖွဲ့သစ်ဖွဲ့၊ ဥက္ကဋ္ဌ ဒေါ်အုန်း (မဟာဝိဇ္ဇာ) ဖြစ်။ |
| ၂ ဇူလိုင် ၁၉၅၃ | အစည်းအဝေးခန်းမတွင် မောင်မယ်သစ်လွင်ပွဲကျင်းပ၊ ကျောင်းသူကျောင်းသားပေါင်း ၁၀၀၀ ကျော် တက်ရောက်။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ၁၅ ဇူလိုင် ၁၉၅၃ | အောဝမ်းခန်းမဆောင်တွင် မန္တလေးတက္ကသိုလ် အိန္ဒိယကျောင်းသူကျောင်းသားများသမဂ္ဂ ဖွဲ့စည်း။ |
| ၁၇ ဇူလိုင် ၁၉၅၃ | ယူဘီအေအေဘောလုံးကွင်းတွင် တပ်ရင်း(၁)အသင်းနှင့် တက္ကသိုလ်အသင်းတို့ တဖက် ၁ဂိုးစီ သရေကျ။ |
| ၂၁ ဇူလိုင် ၁၉၅၃ | မန္တလေးတက္ကသိုလ် ကသာခရိုင်ကျောင်းသူကျောင်းသားများအသင်းကို စတင်ဖွဲ့စည်း။ |
| ၂၂ ဇူလိုင် ၁၉၅၃ | မန္တလေးတက္ကသိုလ် မြန်မာစာအသင်း (၁၉၅၃-၅၄) အမှုဆောင်ရွေးကောက်ပွဲကျင်းပရာ ဥက္ကဋ္ဌအဖြစ် ကိုထွန်းအံ့ (တက္ကသိုလ်နွယ်ထွန်း)ကို ရွေး။ |
| ၂၄ ဇူလိုင် ၁၉၅၃ | ယူဘီအေအေဘောလုံးကွင်းတွင် အထက်ဗမာပြည်မီးရထားအသင်းနှင့် တက္ကသိုလ်တို့ ယှဉ်ပြိုင်ကစားရာ အထက်ဗမာပြည်မီးရထားအသင်းမှ ၁ဂိုးဖြင့် အနိုင်ရ။ |
| ၂၅ ဇူလိုင် ၁၉၅၃ | မန္တလေးတက္ကသိုလ် ဘောဂဗေဒအသင်း (၁၉၅၃-၅၄) အမှုဆောင်သစ်ရွေး။ |
| ၂၈ ဇူလိုင် ၁၉၅၃ | ကျောင်းသူကျောင်းသားစည်းလုံးမှု၊ ကျောင်းသားအချင်းချင်း ညီညွတ်မှုဖြင့် ငြိမ်းချမ်းရေးတို့ကို အဓိကထား၍ မတကသမှ အသင်းပေါင်း ၁၅ သင်း ဖိတ်ခေါ်ပြီး တက္ကသိုလ်ကျောင်းသားပွဲတော်ကျင်းပရေးကို ဆုံးဖြတ်။ |
| ၅ ဩဂုတ် ၁၉၅၃ | အထက်ဗမာပြည် သတင်းစာဆရာများအသင်းတိုက်တွင် မတကသ ကိုယ်စားလှယ်များက တက္ကသိုလ်ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးကျောင်းသားပွဲတော် ကျင်းပရေးအတွက် ရှင်းလင်းတင်ပြကာ ကျောင်းသားပွဲတော်ကို ဩဂုတ်လ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပရန်သတ်မှတ်။ |
| ၇ စက်တင်ဘာ ၁၉၅၃ | မတကသ (၁၉၅၃-၅၄) အမှုဆောင်သစ်ရွေးကောက်ပွဲကျင်းပရာ မဲပေးသူပေါင်း ၉၆၁ ယောက်ရှိ။ ကျောင်းသားများညီညွတ်ရေးအင်အားစုနှင့် |


mgyoe.com

mgyoe.com
SAMPLE BOOK

တက္ကသိုလ်ကျောင်းသားများအဖွဲ့ (ယူအက်စ်အို)တို့ ယှဉ်ပြိုင်ရာ ညီညွတ်များ အနိုင်ရ။ ဥက္ကဋ္ဌ ကိုအုန်းကြိုင်နှင့် အတွင်းရေးမှူးမှာ ကိုသာနိုး ဖြစ်။

၁၀ စက်တင်ဘာ ၁၉၅၃ မတကာသရုံးခန်း၌ မတကာသအမှုဆောင်သစ်များ ပထမအကြိမ်စည်းဝေး။

၁၂ စက်တင်ဘာ ၁၉၅၃ စည်းဝေးခန်းမဆောင်ဟောင်း၌ ကျောင်းသားကျောင်းသူပေါင်း ၅၀၀ ကျော် တက်ရောက်သည့် ကျောင်းသားထုစည်းဝေးပွဲကျင်းပကာ အမှုဆောင်သစ်များ ကျမ်းသစ္စာကျိန်ဆိုခြင်း၊ ဌာနမှူးများခန့်အပ်ခြင်းနှင့် ဆုံးဖြတ်ချက် ၂၄ ချက် ချမှတ်။ ဆုံးဖြတ်ချက်များတွင် အောက်တိုဘာကျောင်းပိတ်ရက် ၁၅ ရက်အစား တစ်လပိတ်ရန်၊ စာမေးပွဲစစ်ရာတွင် ကျောင်းတက်ရက်နှင့် ကျောင်းသင်ခန်းစာမှပေးမည့် အမှတ် ၂၅ ရာခိုင်နှုန်းစနစ်ကို ဖျက်သိမ်းရန်၊ တက္ကသိုလ်ဆီးနိတ်နှင့်ကောင်စီတွင် တက္ကသိုလ်မှ ကျောင်းသားကိုယ်စားလှယ် ပါဝင်ခွင့်ပြုရန်၊ ကျောင်းအဆောက်အဦတိုးရန်၊ ဆရာများ တိုးခန့်ရန်၊ ဆေးရုံစာတိုက်တည်ဆောက်ပေးရန်၊ မီးရထား သဘော်ာ တဝက်ခရရန်တို့ ပါဝင်။

၂၇ စက်တင်ဘာ ၁၉၅၃ မြန်မာ့လမ်းစဉ်သတင်းစာပါ ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၏ 'ယခင်နှစ်များအတိုင်း သီတင်းကျွတ်ပွဲတော်ကို တစ်လမပိတ်ဘဲ ၁၅ ရက်သာ ပိတ်ရန် ဆုံးဖြတ်' ဟူသောသတင်းပါလာ၍ ကျောင်းသားထုမှ ကျောင်းဝင်း အတွင်း ဆန္ဒပြ။

၂၈ စက်တင်ဘာ ၁၉၅၃ မတကာသမှ ကြီးမှူး၍ အရေးပေါ် ကျောင်းသားထုအစည်းအဝေးကျင်းပရာ အခမ်းအနားမှူး ကိုသာနိုးက ကျောင်းသားထုတောင်းဆိုချက်ဖြစ်သော အောက်တိုဘာ ကျောင်းတစ်လပိတ်ရေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြ၍ အစည်းအဝေးအပြီးတွင် နေ့တဝက်နှင့် နောက်နေ့ တဝက် စတိသပိတ်မှောက်ရန်ဆုံးဖြတ်ပြီး မြို့တွင်းသို့ လှည့်လည်ဆန္ဒပြ။

၂၉ စက်တင်ဘာ ၁၉၅၃ အထက်ဗမာနိုင်ငံသတင်းစာဆရာများအသင်းတိုက်တွင် မန္တလေးတက္ကသိုလ် ကျောင်းမှ စတိသပိတ်မှောက်ရခြင်းအကြောင်းကို မတကာသဥက္ကဋ္ဌ


mgyoe.com

mgyoe.com
SAMPLE BOOK

ကိုအုံးကြိုင်၊ အတွင်းရေးမှူး ကိုသာနိုးတို့က သတင်းစာဆရာများနှင့် တွေ့ဆုံကာ ရှင်းလင်းပွဲပြုလုပ်။

၂၉ စက်တင်ဘာ ၁၉၅၃ ဒီမိုကရက်တစ်ကျောင်းသားများ (ဒီအက်စ်အို)က ဂျစ်ကားပေါ်တွင် အသံချဲ့စက်တင်ကာ တက္ကသိုလ်ကျောင်းဝင်းအဆောင်များရှေ့တွင် မတကသ၏ တောင်းဆိုချက်များ၊ စတိသပိတ်မှောက်ခြင်းများကို ပြစ်တင်ရှုံ့ချခြင်းများ ပြုလုပ်ရာ ကျောင်းဆောင်များမှ ကျောင်းသားကျောင်းသူများထွက်လာပြီး ပြန်၍အော်ဟစ်သဖြင့် ဒီအက်စ်အိုများ လှည့်ပြန်ရ။

၃၀ စက်တင်ဘာ ၁၉၅၃ ကျောင်းခန်းမဆောင်သစ်တွင် ကျောင်းသားထုစည်းဝေးပွဲကျင်းပရာ သဘာပတိ သမဂ္ဂဥက္ကဋ္ဌ ကိုအုန်းကြိုင်၊ အခမ်းအနားမှူး ကိုသာနိုးတို့က အောက်တိုဘာ ကျောင်းတစ်လပိတ်ရေးနှင့်ပတ်သက်ပြီး သပိတ်မမှောက်ဘဲ အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်နေ့အထိ ကျောင်းမတက်ဘဲနေကြရန် ဆုံးဖြတ်ပြီး အောက်တိုဘာကျောင်းတစ်လပိတ်ရေး ဆောင်ရွက်ရေးကော်မတီဖွဲ့။

၁ အောက်တိုဘာ ၁၉၅၃ ကျောင်းတက်သူ ၇၀ ခန့်သာရှိ၍ ကျောင်းမတက်သောကျောင်းသားများက သပိတ်တားခြင်းမရှိဘဲ ကျောင်းဝင်းအတွင်း၌ နှဲ၊ ပုလွေ၊ ဒိုးပတ်၊ အိုးစည်များ တီး၍ ကခုန်နေကြ။

၂ အောက်တိုဘာ ၁၉၅၃ ကျောင်းမတက်လိုသော ကျောင်းသားများသည် ကျောင်းဆောင်နှင့်ဝေးရာ ကျောင်းအဝင်ဝတွင် အိုးစည်ဒိုးပတ်များတီးနေကြပြီး တက္ကသိုလ်အနီးတွင် စုံထောက်များ၊ ရဲများ အလုပ်ရှုပ်နေကြကာ ကျောင်းတက်သူမှာ ၇၀ ခန့်သာ ရှိ။

၅ အောက်တိုဘာ ၁၉၅၃ ကျောင်းနယ်နိမိတ်အပြင် ရေနီမြောင်းဘက်လမ်းပေါ်မှ အိုးစည်ဒိုးပတ်များ တီးမှုတ်၍ ကျောင်းလာသူများအား ကျောင်းမတက်ရန် မေတ္တာရပ်ခံကြသော ကြောင့် ပြန်သူများလည်းရှိ။ လက်နက်ကိုင်ရဲသား ၂၀ ခန့်ရောက်လာပြီး ကျောင်းထဲသို့မဝင်ဘဲ သတင်းယူပြီး ပြန်သွားကြ။

mgyoe.com

mgyoe.com
SAMPLE BOOK

၆ အောက်တိုဘာ ၁၉၅၃ ခရိုင်ရဲအမှုထမ်းများ၊ မြို့မစုံထောက်အဖွဲ့ဝင်များ၊ အရေးပိုင်နှင့် ရဲဝန်ထောက်တို့ လာရောက်စောင့်ကြည့်နေကြရာ ကျောင်းမတက်သူများက ထုံးစံအတိုင်း အိုးစည်ဒိုးပတ်များ တီးမှုတ်ကာ မေတ္တာရပ်ခံ ဆန္ဒပြကြ။ ကျောင်းတက်သူ ၁၈၉ ယောက်ရှိ။

၇ အောက်တိုဘာ ၁၉၅၃ ကျောင်းသားခေါင်းဆောင် ကိုကြင်အေး၊ ကျောင်းတလပိတ်ရေးကော်မတီဝင် ကိုမင်းလွင်၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂအမှုဆောင်ဟောင်း ကိုဉာဏ်၊ မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂအတွင်းရေးမှူး ကိုဘုန်းနိုင်၊ မတကာသ အတွင်းရေးမှူး ကိုသာနိုးတို့အား တချိန်တည်းမှာပင်ဖမ်းပြီး ကျောင်းသားသမဂ္ဂနှင့်ပတ်သက်သော စာရွက်စာတမ်းများပါ သိမ်းယူသွား။

၇ အောက်တိုဘာ ၁၉၅၃ ကျောင်းသားခေါင်းဆောင် ၅ ယောက်အား ပုဒ်မ ၅ ဖြင့် ဖမ်းဆီးခြင်းခံရ၍ ဝမ်းနည်းသောအထိမ်းအမှတ်ဖြင့် ကျောင်းမတက်ရန် မေတ္တာရပ်ခံကြ၊ အိုးစည်ဒိုးပတ် မတီးကြ၊ ကျောင်းတက်ရန်လာသူများကို တက္ကသိုလ်နယ်မြေ အပြင်မှ ပါးစပ်ဖြင့် မေတ္တာရပ်ခံကြ၊ တက္ကသိုလ်နယ်မြေတဝိုက်တွင် ရဲအရာရှိများ၊ စုံထောက်များက လိုက်လံကြည့်ရှု။ ကျောင်းတက်သူ ၁၉၂ ယောက်ရှိ။

၇ အောက်တိုဘာ ၁၉၅၃ အထက်ဗမာနိုင်ငံသတင်းစာဆရာများအသင်းတိုက်တွင် တက္ကသိုလ်ကျောင်းတစ်လပိတ်ရေးကော်မတီမှ အမှုဆောင်များသည် သတင်းစာဆရာများနှင့် တွေ့ဆုံပြီး ကျောင်းတစ်လပိတ်ရေးကိစ္စသည် နိုင်ငံရေးပယောဂမပါဘဲ ကျောင်းသားများ ရသင့်ရထိုက်သောအခွင့်အရေးကို တရားနည်းလမ်းကျစွာ တောင်းဆိုခြင်းဖြစ်ပြီး အဖမ်းခံရသူများနေရာတွင် လူစားထိုး၍ အနုနည်းဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောဆို။

၈ အောက်တိုဘာ ၁၉၅၃ ရန်ကုန်တက္ကသိုလ် ဒုတိယအဓိပတိ ဦးဘိုကြီး၊ ပါမောက္ခဦးဘညွန့်၊ ညွှန်ကြားရေးဝန် ဦးဘတို့က တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကိုလေးနှင့် လာရောက်တွေ့ဆုံဆွေးနွေး။

mgyoe.com

mgyoe.com
SAMPLE BOOK

၉ အောက်တိုဘာ ၁၉၅၃ — တက္ကသိုလ်နယ်မြေတွင် လက်နက်ကိုင်ရဲတပ်များကို အစောင့်အရှောက်ဖြစ်ချထားရာ ကျောင်းတက်ရန်လာသူများကို ကျောင်းတစ်လပိတ်ရေး ကျောင်းသားများက မေတ္တာရပ်ခံတားဆီးခြင်းမပြုတော့၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့်အဖွဲ့ ရောက်ရှိနေရာ ကျောင်းအုပ်ကြီး ဦးကိုလေးက လက်ဖက်ရည်ပွဲ တည်ခင်းဧည့်ခံ။

၁၅ အောက်တိုဘာ ၁၉၅၃ — မတကသရုံးခန်း၌ မြို့ပေါ်မှအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး အကြံဉာဏ်တောင်းယူ၊ ရေနီမြောင်းတွင် ဒိုးပတ်သံကြားရပြန်ပြီး ရဲအဖွဲ့မှလည်း ယခင်အတိုင်းဆောင်ရွက်ကြ။

၂ နိုဝင်ဘာ ၁၉၅၃ — တက္ကသိုလ်ကျောင်းပြန်ဖွင့်၊ ကျောင်းသူကျောင်းသား ၉၈၀ ရှိရာ ၇၈၆ ယောက် ကျောင်းတက်ကြရာ ပညာသင်ကြားရေးအတွက် ဗီလာဆန့်ကျင်မှုများ မပြုလုပ်ရန် ဝန်ခံချက် လက်မှတ်ထိုးကြရ။

၄ နိုဝင်ဘာ ၁၉၅၃ — ကျောင်းသူကျောင်းသားပေါင်း ၈၈၄ ယောက် ကျောင်းတက်။

၁၅ နိုဝင်ဘာ ၁၉၅၃ — တက္ကသိုလ်ပါဠိအသင်းကြီးက ဗမာပြည်တက္ကသိုလ်ရာဇဝင်၌ တစ်ခါမှ မပေါ်ပေါက်ဘူးသောနည်းဖြင့် တက္ကသိုလ်ကျောင်းသား ၅ ဦးအား တက္ကသိုလ်နယ်မြေ၌ ဒုလ္လဘရဟန်းဘောင်ဝင်ပြီး သိမ်အထွက်တွင် ဗျောတီးကာ လှူဖွယ်များ လောင်းလှူ၍ ခန်းမဆောင်ဟောင်း၌ ဦးပဥ္စင်းအသစ်က သီလပေး၍ မန္တလေးတက္ကသိုလ်ပါဠိအသင်းကြီး (၁၉၅၃-၅၄)ကို ဖွင့်လှစ်။

၁၉ နိုဝင်ဘာ ၁၉၅၃ — မတကသဥက္ကဋ္ဌ ကိုအုံးကြိုင်၊ ဒုဥက္ကဋ္ဌ ကိုညီညီနှင့် ကိုသန်းညွန့်၊ ဘဏ္ဍာရေးမှူး မတင်ပုနှင့် ကျောင်းသူ မခင်သန်းလှိုင်တို့ကို ကျောင်းအုပ်ကြီးမှ ခေါ်ယူတွေ့ဆုံမေးမြန်း။

၂၃ နိုဝင်ဘာ ၁၉၅၃ — တက္ကသိုလ်ကျောင်းသားများကို ဆက်လက်စစ်ဆေးရာ မတကသ ဒုဥက္ကဋ္ဌ ကိုညီညီက စစ်ဆေးသူဆရာများအား မေးခွန်းပြန်မေးရာ ဆရာတို့က

mgyoe.com

mgyoe.com
SAMPLE BOOK

'ငါတို့မှာ ဘာမှအာဏာမရှိဘူး၊ အပြစ်လည်းမပေးနိုင်ဘူး၊ အထက်ကအမိန့် အရ စစ်ရတာပဲ'ဟု ပြန်လည်ပြောကြား။

၂၇ နိုဝင်ဘာ ၁၉၅၃ — မတကသအဆောက်အဦ၌ မန္တလေးခရိုင်ကျောင်းသားသမဂ္ဂနှင့် တက္ကသိုလ်သမဂ္ဂပူးပေါင်းပြီး ကျောင်းသားနေ့နှင့် အမျိုးသားအောင်ပွဲနေ့ကျင်းပရန် ဆုံးဖြတ်။

၂၇ နိုဝင်ဘာ ၁၉၅၃ — ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အရေးပေါ်အထူးအစည်းအဝေးလုပ်ပြီး တက္ကသိုလ်ကောင်စီ၏ ထုတ်ပြန်ချက်စည်းမျဉ်းအရ ကျောင်းသူကျောင်းသားအချို့ကို ကျောင်းမှထုတ်ပစ်ရန် ဆုံးဖြတ်ရာ ရာသက်ပန်ကျောင်းထုတ်ခံရသူ ၁၉ ဦး၊ တစ်နှစ်ကျောင်းထုတ်ခံရသူ ၆ ဦးနှင့် သတိပေးခံရသူ ၉ ဦးရှိရာ ရာသက်ပန်ကျောင်းထုတ်ခံရသူများထဲတွင် ပုဒ်မ ၅ နှင့် အချုပ်ခံနေရသူ မောင်သာနိုးနှင့် မောင်သိန်းလွင် (စာရေးဆရာ မောင်သာရ)တို့ ပါဝင်။

၁ ဒီဇင်ဘာ ၁၉၅၃ — မတကသနှင့် မန္တလေးခရိုင်ကျောင်းသားသမဂ္ဂတို့ ဦးစီး၍ ၃၃ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို အိမ်တော်ရာ ၁၄ ခန်းဇရပ်တွင် ကျင်းပပြီး မြို့ပေါ်သို့ စီတန်းလှည့်လည်ကြွေးကြော်ဆန္ဒပြ၊ ရွှေမန်းကျောင်းဆောင်၌ ကျောင်းထုတ်ခံရသော ကျောင်းသားခေါင်းဆောင်များအတွက် ညမီးမှိတ်ခါ ဆန္ဒပြကြ။

၂ ဒီဇင်ဘာ ၁၉၅၃ — မတကသခေါင်းဆောင်များက ကျောင်းတစ်လပိတ်ရေးကိစ္စအတွက် ကျောင်းထုတ်ခံရပုံအကြောင်းကို သတင်းစာဆရာများအား ရှင်းလင်းပြောကြား။

၄ ဒီဇင်ဘာ ၁၉၅၃ — ယူဘီအေအေဘောလုံးကွင်းတွင်ကျင်းပသော ကျောက်ကုန်သည်ဒိုင်း ဆီမီးဖိုင်နယ်ပွဲအတွက် စစ်ရဲဘော်အသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်ရာ တက္ကသိုလ်အသင်းက ၃ဂိုး ၁ဂိုးဖြင့် အနိုင်ရ။

၁၂ ဒီဇင်ဘာ ၁၉၅၃ — မန္တလေးတက္ကသိုလ်ကျောင်းဆောင်ဆောက်လုပ်ရေး လက်သမားနေထိုင်ရာ တန်းလျားများကို မီးစွဲလောင်။

mgyoe.com

mgyoe.com
SAMPLE BOOK

| | |
|---|---|
| ၁၄ ဒီဇင်ဘာ ၁၉၅၃ | တကသအဆောက်အဦတွင် မြို့ပေါ်နေကျောင်းပေါင်းစုံမှ ကိုယ်စားလှယ်များ ခေါ်ယူပြီး ကျောင်းသားနေ့ကျင်းပရေး စည်းဝေး။ |
| ၁၆ ဒီဇင်ဘာ ၁၉၅၃ | ရွှေကိုင်းသားဆရာတော် မန္တလေးတက္ကသိုလ်အနုပညာပြတိုက်သို့ လာရောက်လေ့လာ။ |
| ၂၀ ဒီဇင်ဘာ ၁၉၅၃ | ၁၅ ကြိမ်မြောက် ကျောင်းသားနေ့ (ဗိုလ်အောင်ကျော်နေ့) အခမ်းအနားကို အိမ်တော်ရာဘုရား အမေဂျမ်းဇရပ်တွင်ကျင်းပပြီး မြို့ပေါ်သို့ လှည့်လည် ကြွေးကြော်။ |
| ၂၈ ဒီဇင်ဘာ ၁၉၅၃ | ကျောင်းကစားကွင်းတွင် ၁၉၅၃ ခု တက္ကသိုလ်၏ ကိုယ်လက်ကျန်းမာ ပြေးခုန်ကစားပွဲ ကျင်းပ။ |

---×---


mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၉၅၄

| | |
|---|---|
| ၁၀ မတ် ၁၉၅၄ | ရွှေမန်းကျောင်းဆောင်ဖွင့်။ |
| ၂၀ ဧပြီ ၁၉၅၄ | မတ်လအတွင်းကျင်းပခဲ့သော ဝိဇ္ဇာ(ခ)ပိုင်း စာမေးပွဲတွင် ၁၇ ယောက် ဖြေဆိုရာ ၁၄ ယောက်အောင်၊ သိပ္ပံ(ခ)ပိုင်း စာမေးပွဲတွင် ၁၂ ယောက်ဖြေဆို ရာ ၅ ယောက်အောင်မြင်။ |
| ၂၀ ဧပြီ ၁၉၅၄ | မန္တလေးတက္ကသိုလ်စာကြည့်တိုက်လက်ထောက် အလိုရှိကြောင်းကြေညာ။ |
| ၂၈ ဧပြီ ၁၉၅၄ | အောက်တိုဘာကျောင်းတစ်လပိတ်ရေးကော်မတီဝင်၊ ရာသက်ပန်ကျောင်း အထုတ်ခံရသူ ကိုအုံးမောင်အား နေအိမ်တွင် စုံထောက်ဘက်ဌာနမှ ဖမ်းဆီး။ |
| ၁ ဇွန် ၁၉၅၄ | တက္ကသိုလ်ကျောင်းဆောင်များတွင် နေထိုင်ခွင့်ရကျောင်းသားများ စတင် လက်ခံမည်ဖြစ်ကြောင်း ကြေညာ။ |
| ၃၀ ဇွန် ၁၉၅၄ | ရွှေပြည်အေးကျောင်းဆောင်ဖွင့်။ |
| ၂ ဇူလိုင် ၁၉၅၄ | မောင်မယ်သစ်လွင်နေ့အခမ်းအနားကို ဧည့်ခန်းမဆောင်တွင်ကျင်းပရာ ကျောင်းအုပ်ကြီးဦးကိုလေး သြဝါဒအမှာစကားပြောကြား။ |
| ၇ ဇူလိုင် ၁၉၅၄ | တက္ကသိုလ်ခန်းမဆောင်သစ်တွင် မန္တလေးဆေးကောလိပ်ဖွင့်ပွဲကျင်းပ။ |
| ၉ ဇူလိုင် ၁၉၅၄ | မန္တလေးတက္ကသိုလ်ဆရာများအသင်းအမှုဆောင်ရွေးချယ်ပွဲကျင်းပရာ ဥက္ကဋ္ဌ အဖြစ် ဦးချမ်းမြ မြန်မာစာပေဌာနမှူးကိုရွေးချယ်။ |
| ၁၃ ဇူလိုင် ၁၉၅၄ | ရွှေပြည်အေးအဆောင်သစ် သဟာယနှင့် စာဖတ်သင်းအမှုဆောင်ရွေးချယ်ပွဲ ကျင်းပ။ |
| ၂၈ ဇူလိုင် ၁၉၅၄ | အဝေမ်းခန်းမဆောင်တွင် မြန်မာအသင်းကြီး (၁၉၅၄–၅၅) ခုနှစ် အမှုဆောင် ရွေးကောက်ပွဲကျင်းပရာ ဥက္ကဋ္ဌအဖြစ် ကိုအောင်သျှန် (ဝိဇ္ဇာ) ရရှိ။ |

mgyoe.com

mgyoe.com
SAMPLE BOOK

၃၁ ဇူလိုင် ၁၉၅၄ — မတကသအဆောက်အဦတွင် ပခုက္ကူခရိုင်ကျောင်းသူကျောင်းသားများ အသင်း ဖွဲ့စည်း။

၇ ဩဂုတ် ၁၉၅၄ — တက္ကသိုလ်ခန်းမဆောင်တွင် မွတ်စလင်ကျောင်းသူကျောင်းသားများအသင်း ဖွဲ့စည်း။

၁၁ ဩဂုတ် ၁၉၅၄ — ရတနာပုံကျောင်းဆောင် သဟာယနှင့် စာဖတ်သင်း(၁၉၅၄–၅၅) အမှုဆောင်အဖွဲ့ ရွေးချယ်။

၁၁ ဩဂုတ် ၁၉၅၄ — မကွေးတိုင်းကျောင်းသူကျောင်းသားများအသင်း ဖွဲ့စည်း။

၁၄ ဩဂုတ် ၁၉၅၄ — ရွှေမန်းအမျိုးသမီးဆောင် သဟာယနှင့် စာဖတ်သင်းမှဦးစီး၍ စကားရည်လုပွဲကျင်းပ။

၂၀ ဩဂုတ် ၁၉၅၄ — မတကသရုံးခန်း၌ ရွှေမန်း၊ ရတနာပုံ၊ ရွှေပြည်အေး၊ ပြည်တော်သာ ကျောင်းဆောင်များမှ သဟာယနှင့် စာဖတ်အသင်းကိုယ်စားလှယ်များ တက်ရောက်၍ မန်းတက္ကသိုလ်သဟာယနှင့် စာဖတ်အသင်းအမှုဆောင် ရွေးချယ်ပွဲကျင်းပပြီး ကျောင်းသားအခွင့်အရေးများအတွက် တိုက်ပွဲဝင်ရင်း တက္ကသိုလ်မှ ရာသက်ပန်ကျောင်းထုတ်ခံရသော မန်းတက္ကသိုလ်ကျောင်းတော် သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌ မမြင့်မြင့်ကြည်နှင့် အတွင်းရေးမှူး ကိုမြင့်အောင်တို့အတွက် ဝမ်းနည်းသောအားဖြင့် ငြိမ်သက်စွာ မတ်တတ်ရပ်၍ အလေးပြု။

၂၀ ဩဂုတ် ၁၉၅၄ — မန္တလေးတက္ကသိုလ် ဘောဂဗေဒအသင်း(၁၉၅၄–၅၅) အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ။

၂၁ ဩဂုတ် ၁၉၅၄ — ရာဇက်ခန်းမဆောင်တွင် မြန်မာအသင်းကြီးမှ ကြီးမှူး၍ 'အချစ်ကြောင့် စာပေဝေဆာခဲ့သည်' ခေါင်းစဉ်ဖြင့် စကားရည်လုပွဲကျင်းပရာ အဆိုဘက်မှ အနိုင်ရရှိ။

mgyoe.com

mgyoe.com
SAMPLE BOOK

၂၁ ဩဂုတ် ၁၉၅၄ — အေဝမ်းခန်းမဆောင်တွင် တိုင်းချစ်ကျောင်းသူကျောင်းသားဟောင်းများ အသင်း ဖွဲ့စည်း။

၂၈ ဩဂုတ် ၁၉၅၄ — မတကသရုံးခန်း၌ (၁၉၅၃–၅၄) အမှုဆောင်ဟောင်းများ အစည်းအဝေး ကျင်းပ။

၃၀ ဩဂုတ် ၁၉၅၄ — တက္ကသိုလ် ဘီဝမ်းခန်းမဆောင်တွင် ၁၉၅၄–၅၅ ပါဠိအသင်းအမှုဆောင် ရွေးချယ်ပွဲကျင်းပ။

၃၁ ဩဂုတ် ၁၉၅၄ — ရွှေမန်း၊ ရတနာပုံ၊ ပြည်တော်သာ၊ ရွှေပြည်အေးကျောင်းဆောင်များ၌ ကျောင်းသားထုအစည်းအဝေးကို တစ်ချိန်တည်းကျင်းပ။ မတကသ အမှုဆောင် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ၂ နေရာတွင် အမှုဆောင်လူကြီး ၁နှစ်လုပ်ဖူးသူသာ အရွေးခံနိုင်ဆိုသည့် ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကန့်ကွက်ကြ။

၂ စက်တင်ဘာ ၁၉၅၄ — မတကသအမှုဆောင်များသည် သမဂ္ဂရုံးခန်း၌ အရေးပေါ်အစည်းအဝေး ကျင်းပကာ ကျောင်းသားထု မကျေနပ်ဖြစ်နေသော အမှုဆောင်လူကြီး ၁ နှစ် လုပ်ဖူးသူသာ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးနေရာတွင် ဝင်ရောက်အရွေးခံနိုင်မည့် စည်းမျဉ်းဖြင့်သာ ကျင်းပမည်ဟုဆုံးဖြတ်။

၇ စက်တင်ဘာ ၁၉၅၄ — မန္တလေးတက္ကသိုလ်ကျောင်းသားညီညွတ်ရေးအင်အားစု အမှုဆောင်လူကြီး များသည် သတင်းစာဆရာများနှင့်တွေ့ဆုံကာ မန္တလေးတက္ကသိုလ်ကျောင်း သားသမဂ္ဂရွေးကောက်ပွဲအပေါ် ၎င်းတို့၏အင်အားစုသဘောထားနှင့် ရွေး ကောက်ပွဲတွင် ငြိမ်ချမ်းစွာ ဝင်ရောက်အရွေးခံမည့်အကြောင်း ရှင်းလင်း ပြောကြား။

၇ စက်တင်ဘာ ၁၉၅၄ — ဂျီဝမ်းခန်းမတွင် နိုင်ငံရေးဗေဒအသင်းဖွဲ့စည်းခြင်းကို ကျင်းပ။

၇ စက်တင်ဘာ ၁၉၅၄ — စစ်ကိုင်းဘောလုံးကွင်းတွင် စစ်ကိုင်းမြို့နီစီပယ်ဒိုင်းကြီးအတွက် ဗိုလ်လုပွဲကို တက္ကသိုလ်အသင်းနှင့် အမရပူရမော်တော်ယဉ်အသင်းတို့ကစားရန်ဖြစ်သော်


mgyoe.com

mgyoe.com

SAMPLE BOOK

လည်း မော်တော်ယဉ်အသင်းမလာ၍ တက္ကသိုလ်အသင်း မကစားရဘဲ အနိုင်ရ။

၁၀ စက်တင်ဘာ ၁၉၅၄ — မတကသ ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌနေရာ၌ ဝင်ရောက်အရွေးခံမည့် ကျောင်းသားညီညွတ်းရေးအင်အားစု၏ ဥက္ကဋ္ဌဟောင်း ကိုထွန်းလွင်၏ လျှောက်လွှာကို စည်းကမ်းမညီဆိုကာ မဲအရာရှိများက ပယ်ချ။

၁၃ စက်တင်ဘာ ၁၉၅၄ — မတကသရုံးခန်းတွင် သဟာယနှင့် စာဖတ်သင်းများအဖွဲ့ချုပ်အမှုဆောင်လူကြီးများအစည်းအဝေးတွင် ဒီအက်စ်အိုကိုပယ်၍ ညီညွတ်ကို မဲပေးကြမည်ဟု တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြု။

၁၄ စက်တင်ဘာ ၁၉၅၄ — မတကသ ရွေးကောက်ပွဲအကြိုညတွင် ဒီအက်စ်အိုများ မြို့ပေါ်နှင့် တက္ကသိုလ်ကျောင်းများရှေ့ မဲဆွယ်တရားဟောရာ ရွှေမန်းဆောင်မှ သံပုံးတီးနှင်ထုတ်ကြပြီး ပြည်တော်သာ၊ ရတနာပုံ၊ ရွှေပြည်အေးကျောင်းဆောင် အသီးသီးမှလည်း နှင်ထုတ်ကြ။

၁၅ စက်တင်ဘာ ၁၉၅၄ — မတကသ အမှုဆောင် ၅ နေရာ ယှဉ်ပြိုင်ရွေးကောက်ပွဲကျင်းပရာ ညီညွတ်တို့ဘက်မှ မဲပေါင်းများစွာနှင့် ၅ နေရာလုံး အနိုင်ရ။ မဲပေးသူ ၈၂ ရာခိုင်နှုန်းရှိရာ ၁။ ကိုမျိုးညွန့်၊ ၂။ ကိုကျော်ငြိမ်း၊ ၃။ ကိုထွန်းကြည်၊ ၄။ ကိုညို၊ ၅။ မခင်သန်းလှိုင်တို့ နိုင်။

၁၈ စက်တင်ဘာ ၁၉၅၄ — တက္ကသိုလ်ခန်းမဆောင်တွင် မန္တလေးတက္ကသိုလ်အပျော်တမ်းတူရိယာအသင်းမှ ကြီးမှူး၍ ဒါရိုက်တာမြင့်၏ 'သူချစ်ကိုယ်ချစ်'ပြဇာတ်ကို ကပြ။

၂၉ စက်တင်ဘာ ၁၉၅၄ — မတကသဥက္ကဋ္ဌဟောင်း ကိုအုံးကြိုင်မှာ အမှုဆောင်သစ်များအား အာဏာလွှဲပြောင်းပေးခြင်းမရှိဘဲ ဒီအက်စ်အိုခေါင်းဆောင်များနှင့် ရန်ကုန်သို့ဆင်း။

၁ အောက်တိုဘာ ၁၉၅၄ — မတကသ အာဏာလွှဲပြောင်းပေးပွဲ ကျင်းပပြီး ကျောင်းသားထုလိုလားချက်ဖြစ်သော ကျောင်းထုတ်ခံရသူများ ပြန်တက်ရေးနှင့် ဖမ်းထားသူများအား အမြန်ပြန်လွှတ်ပေးရန် တောင်းဆို။


mgyoe.com

mgyoe.com SAMPLE BOOK

**၅ အောက်တိုဘာ ၁၉၅၄** မန္တလေးတက္ကသိုလ် မိတ္ထီလာခရိုင်ကျောင်းသားများအသင်းက မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ကြောင်း၊ စာမူများပေးပို့နိုင်ရန် ဖိတ်ခေါ်။

**၈ အောက်တိုဘာ ၁၉၅၄** (၁၉၅၄–၅၅) မတကသ ပထမဆုံးအမှုဆောင်အစည်းအဝေးကျင်းပကာ တက္ကသိုလ်မှ အထုတ်ခံရသူများအတွက် နှစ်ပတ်လည်အထိမ်းအမှတ်ကျင်းပ ရန်နှင့် တက္ကသိုလ်မောင်မယ်ရွေးပွဲကိုလည်း ကျင်းပရန်ဆုံးဖြတ်။

**၁၃ အောက်တိုဘာ ၁၉၅၄** မန်းတက္ကသိုလ် မြန်မာစာဌာနမှူး ဦးချမ်းမြ (မြကေတု)၊ လက်ထောက် ကထိက ဦးမောင်မောင်တင်၊ တက္ကသိုလ်ဝင်းတို့ဦးဆောင်သော သုတေသန အဖွဲ့ ပုဂံသို့ သုတေသနပြုရန် သွားရောက်။

**၃၁ အောက်တိုဘာ ၁၉၅၄** မတကသရုံးခန်း၌ မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂအမှုဆောင်အစည်း အဝေးကျင်းပရာ အဖမ်းခံနေရသော ကိုကြင်အေး၊ ကိုခင်မောင်ဦး၊ မောင်သာနိုး တို့အား အလေးပြုသည့်အနေဖြင့် တစ်မိနစ်တိတိ မတ်တတ်ရပ်ကြ။

**၆ နိုဝင်ဘာ ၁၉၅၄** ယူနီဗာဆယ်မုန့်တိုက်တွင်ကျင်းပသော မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂ ညီလာခံ (၁၉၅၄–၅၅) ၅ ကြိမ်မြောက်အစည်းအဝေးသို့ မန္တလေးတက္ကသိုလ် ကိုယ်စားလှယ် ၂၅ ယောက်တက်၍ ဖမ်းဆီးကျောင်းသား အမြန်လွှတ်ရေး၊ ကျောင်းသားညီညွတ်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးများကို ဆွေးနွေး။

**၈ နိုဝင်ဘာ ၁၉၅၄** မတကသ အမှုဆောင်အစည်းအဝေးတွင် မတကသစည်းမျဉ်းသစ် ရေးဆွဲရန် နှင့် သမဂ္ဂဝင်တိုင်း ဥက္ကဋ္ဌအဖြစ် အရွေးခံခွင့်ပေးရန် ဆုံးဖြတ်။

**၁၂ နိုဝင်ဘာ ၁၉၅၄** မတကသရုံးခန်း၌ မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂမှဦးစီး၍ ၃၄ ကြိမ် မြောက် အမျိုးသားနေ့ကျင်းပရန် အဖွဲ့ပေါင်းစုံမှကိုယ်စားလှယ်များ ဖိတ်ကြား ပြီး အစည်းအဝေးကျင်းပ။

**၂၀ နိုဝင်ဘာ ၁၉၅၄** အိမ်တော်ရာ ၁၄ ခန်းဇရပ်တွင် အမျိုးသားနေ့ကျင်းပကာ ဗမာပြည်ပညာရေး နိမ့်ကျနေပုံ၊ မလွတ်လပ်ပုံများပြော၍ ဒီမိုကရေစီပညာရေး၊ ဖိနှိပ်ချုပ်ချယ် မှုများ ရုပ်သိမ်းရေး၊ ပညာရေးဘတ်ဂျက် တိုးပေးရေးကို တောင်းဆိုကြ။


mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ၂၄ နိုဝင်ဘာ ၁၉၅၄ | မတကသ ဦးစီး၍ တက္ကသိုလ်ရှိ အဖွဲ့ပေါင်းစုံ ဖိတ်ကြားပြီး တက္ကသိုလ်ပေါင်းစုံ ပူးပေါင်းဆွေးနွေးပွဲ၌ တင်ပြရန် လိုအပ်ချက်များ၊ တောင်းဆိုချက်များ ဆွေးနွေးကြပြီး မန္တလေးတက္ကသိုလ်မှ ကိုယ်စားလှယ်များလွှတ်ရန် ဆုံးဖြတ်။ |
| ၂၆ နိုဝင်ဘာ ၁၉၅၄ | နိုဝင်ဘာ ၃၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၌ကျင်းပမည့် တက္ကသိုလ်ပေါင်းစုံ ဆွေးနွေးပွဲတက်ရောက်ရန် မန္တလေးတက္ကသိုလ်မှ ကိုယ်စားလှယ် ၃ ဦး သွားရောက်။ |
| ၂၈ နိုဝင်ဘာ ၁၉၅၄ | တက္ကသိုလ်မှ ကျောင်းသားများ ကျောင်းထုတ်ခံရသည့် တစ်နှစ်မြောက်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ကျောင်းဆောင်တိုင်းတွင် အလံနက်လွှင့်ထူ၊ ကျောင်းဝင်းတစ်ခုလုံးတွင် ကျောင်းထုတ်ခံရသော ရဲဘော်ကျောင်းသားများအား မမေ့ရန် နှိုးဆော်သည့်ပိုစတာများကို နေရာအနှံ့ကပ်ထားပြီး ရာဇာက်ခန်းမဆောင်တွင် ကျောင်းသားထုစည်းဝေးပွဲကျင်းပရာ တက်ရောက်လာသူတိုင်းကို ရွှေမန်းကျောင်းဆောင်သူများက လက်ပတ်အနက်များ ကိုယ်စီပတ်ပေးကြ။ |
| ၃၀ နိုဝင်ဘာ ၁၉၅၄ | ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှဦးစီးသော တက္ကသိုလ်ပေါင်းစုံ ဆွေးနွေးပွဲတွင် မန္တလေးတက္ကသိုလ်ကျောင်းသားကိုယ်စားလှယ်များက ဖမ်းဆီးကျောင်းသားလွှတ်ရေး၊ ကျောင်းထုတ်ထားသောကျောင်းသားများ ပြန်လည်လက်ခံရေး စသောလိုလားချက်ပေါင်း ၃၃ ချက် တင်ပြ။ |
| ၃၀ နိုဝင်ဘာ ၁၉၅၄ | အေတူးခန်းမဆောင်တွင် မန္တလေးတက္ကသိုလ်ဓာတ်ပုံအသင်း ဖွဲ့စည်း။ |
| ၆ ဒီဇင်ဘာ ၁၉၅၄ | မတကသမှ ဦးစီး၍ တက္ကသိုလ်မောင်မယ်ရွေးပွဲ ကျင်းပရန် ကော်မတီဖွဲ့။ |
| ၉ ဒီဇင်ဘာ ၁၉၅၄ | မတကသရုံးခန်း၌ တက္ကသိုလ်ရှိ အရပ်ရပ်ဆိုင်ရာအသင်းများ၊ ကျောင်းဆောင်သဟာယနှင့် စာဖတ်သင်းများ၊ ပြည်နယ်အသင်းများကို ဖိတ်ခေါ်၍ ရန်ကုန်တက္ကသိုလ်ပေါင်းစုံဆွေးနွေးပွဲပြန် ဥက္ကဋ္ဌ ကိုကျော်ငြိမ်း၊ ကိုမျိုးညွန့်နှင့် ကိုထွန်းကြည်တို့က ရှင်းလင်းပြောဆို။ |


mgyoe.com